# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ မင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၀၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၈ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၃၈ ဦးအနက် ၄ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၃ ရက်၊

(၂) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၃ ရက်၊

(၃) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၃ ရက်၊

(၄) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၅) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၆) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၃ ရက်၊

(၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၃ ရက်၊

(၈) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၃ ရက်၊

(၉) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၃ ရက်၊

(၁၀) အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၁) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၂) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခွင့် ၃ ရက်၊

(၁၃) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၃ ရက်၊

(၁၄) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၃ ရက်၊

(၁၅) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၃ ရက်၊

(၁၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၃ ရက်၊

(၁၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၃ ရက်၊

(၁၈) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၃ ရက်၊

(၁၉) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၃ ရက်၊

(၂၀) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ ခွင့် ၃ ရက်၊

(၂၁) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၂ ရက်၊

(၂၂) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၁ ရက်၊

(၂၃) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဦးတင်ဋွေးအောင် ခွင့် ၁ ရက်၊

(၂၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၂၅) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၁ ရက်၊

(၂၆) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၂၇) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊

(၂၈) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၃ ရက်၊

(၂၉) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁၀ ရက်၊

(၃၀) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၁၀ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထွတ်သိန်း ခွင့် ၂ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးဇော်ဦး ခွင့် ၁ ရက်၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်အောင် အစည်းအဝေးပြီးဆုံးသည့်အထိ၊

(၃၄) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၃၄ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၄ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ပြည်ပနိုင်ငံသားများ လာရောက်လည်ပတ်မှုကို တားမြစ်ထားခြင်းမှ ပြန်လည်သွားလာခွင့်ပြုရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်း ပေးရင်း လေးလေးစားစားဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ပြည်ပနိုင်ငံသား များ လာရောက်လည်ပတ်မှုကို တားမြစ်ထားခြင်းမှ ပြန်လည်သွားလာခွင့်ပြုရန်နှင့်စပ်လျဉ်းပြီးတော့ အကျိုးအကြောင်း တင်ပြကာ မေးခွန်းများမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မြောက်ဦး ဒေသဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုစည်းတည်ရှိရာ သုတေသနနယ်မြေတစ်ခု ဖြစ်ပါတယ်။ ၁၄၃၀ ခုနှစ်မှာ စတင်ခဲ့တဲ့ မြို့ရိုးတံတိုင်းများ၊ နန်းတော်ရာကုန်းနှင့် သမိုင်းဝင်ဘုရား ပုထိုးစေတီများ တည်ရှိနေသော နယ်မြေဖြစ်ပါတယ်။ ပုဂံကဲ့သို့ ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံတကာ

သမိုင်းပညာရှင်များ၊ သုတေသီများ အထူးစိတ်ဝင်တစားလာရောက်သောဒေသလည်း ဖြစ်ပါတယ်။ မြောက်ဦးဒေသတိုးတက်ဖွံ့ဖြိုးရေးဟာ ရခိုင်ပြည်နယ်အတွက်သာမက ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်း အလွန်အရေးကြီးပါတယ်။ ဤနယ်မြေဟာ ရခိုင်တို့ရဲ့ အနုပညာယဉ်ကျေးမှုနှင့်ဆက်စပ်နေသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတစ်ခုဖြစ်တဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းအတွက် အလွန်အရေးပါနေပါတယ်။ ဒါကြောင့် မြောက်ဦးဒေသသည် နိုင်ငံတော်မှ အထူးအာရုံစိုက်သင့်သော၊ အလေးထားသင့်သော ဒေသတစ်ခုဖြစ်နေပါတယ်။ သို့သော် ၂၀၁၀ ခုနှစ်အောက်တိုဘာလအတွင်းက တစ်ကျော့ပြန်ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကြောင့် မြောက်ဦးဒေသသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တားမြစ်ပိတ်ပင်ထားခဲ့ပါတယ်။ ပဋိပက္ခဖြစ်ပွားခဲ့သောနေရာဟာ မြောက်ဦးမြို့မှ အရှေ့ဘက် ၅ မိုင်ဝေးသော ပရိန်ရွာနှင့် မြောက်ဦးမြို့ရဲ့တောင်ဘက် ၇ မိုင်ကျော်ဝေးသော ယိုင်သေရွာတို့ ဖြစ်ပါတယ်။ အချိန်တိုအတွင်းလုံခြုံရေးအပြည့်အဝချထားပေးခြင်းနှင့် ညမထွက်ရအမိန့်ထုတ်ပြန်ပေးခြင်းတို့ကြောင့် တစ်ပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့ပါတယ်။ မြောက်ဦးမြို့ထဲတွင် ဘင်္ဂါလီလူမျိုးများ တစ်ဦးတစ်ယောက်မျှနေထိုင်မှုမရှိတာကြောင့် မည်သည့်ပြဿနာများ၊ မည်သည့်ပဋိပက္ခများ မရှိခဲ့ပါ။ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလမှစ၍ ညမထွက်ရအမိန့်ကို ည ၈ နာရီမှ နံနက် ၅ နာရီအထိ လျှော့ချပေးခဲ့ပြီး ဖြစ်ပါတယ်။ နယ်မြေဒေသတည်ငြိမ်အေးချမ်းနေပြီဖြစ်သော်လည်း သွားလာခွင့်အချိန်ကို ကန့်သတ်ထားဆဲရှိနေသေးတာကြောင့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်ရှာဖွေစားသောက်နေကြသော ရေလုပ်သားများနှင့် နယ်မှ ဟင်းသီးဟင်းရွက် ရောင်းချသူများ အလွန်အခက်အခဲရှိနေကြကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် ပြည်ပခရီးသွားများကို တားမြစ်ပိတ်ပင်ထားခြင်းကြောင့် နိုင်ငံခြားသားများအတွက် ဝန်ဆောင်မှုပေးနေသော မြောက်ဦးမြို့ရှိ ဟိုတယ်များ၊ တည်းခိုခန်းများ အလုပ်မဖြစ်တော့ဘဲ တည်းခိုမည့်သူတစ်ဦးတစ်ယောက်မှမရှိကြောင်း သိနေရပါတယ်။ ခရီးသွားများအတွက် ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ပေးနေသည့် ကားများ၊ အနေ့းယာဉ်များ၊ ရေယာဉ်များမှာလည်း ရပ်တန့်နေရချိန်များတာကြောင့် လူမှုစီးပွားဘဝ ရပ်ဆဲလျက်ရှိနေကြပါတယ်။ အကျိုးဆက်အနေဖြင့် ယခုနှစ်သွားလာမှုပိတ်ပင်ထားမှုကြောင့် နောင်လာမည့်နှစ်အတွက်ပါ ကြိုတင်စာရင်းပေးထားမှုများ မရှိတော့ပြီဖြစ်၍ လုပ်ငန်းရှင်များ စီးပွားရေးကျဆင်းသကဲ့သို့ နိုင်ငံတော်အတွက်ပါ နိုင်ငံခြားဝင်ငွေလျော့နည်းသွားမည် ဖြစ်ပါတယ်။ ဒါကြောင့် ပဋိပက္ခဖြစ်ပွားခဲ့သော နေရာနှင့်ဝေးကွာသည့် မြောက်ဦးမြို့သို့ ပြည်ပနိုင်ငံသားများ လာရောက်မှုကို ဟန့်တားထားခြင်းမှ ပြန်လည်သွားလာခွင့်ပြုရန် ဟိုတယ်ပိုင်ရှင်များ၊ တည်းခိုရိပ်သာ

နှင့် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ကြသူများမှ အထူးစောင့်မျှော်အားကိုးလျက် ရှိနေကြပါတယ်။ ဒါကြောင့် ဟိုတယ်၊ တည်းခိုရိပ်သာနှင့် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေကြသူများ၏ဆန္ဒအရ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းမှာ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ပြည်ပနိုင်ငံသားများ လာရောက်လည်ပတ်မှုကို တားမြစ်ထားခြင်းမှ ယခုနှစ်တွင် ပြန်လည်သွားလာခွင့်ပြုရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်လတွင် ပြန်လည်ခွင့်ပြုပေးမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာတင်ရွှေ(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် အားလုံး သမ္မာဆန္ဒနှင့် အစဉ် ပြည့်စုံနိုင်ကြပါစေရန် ဦးစွာဆုမွန်ဖြင့် ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ထွန်းသာ၏ မေးမြန်းတဲ့မေးခွန်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနရဲ့ ဝန်ကြီးခွင့်ပြုချက်ဖြင့် ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနရဲ့ ရည်ရွယ်ထားတဲ့ အန္တိမရည်မှန်းချက်ဟာ Not Only for Commercially စီးပွားရေးတွက်ကိန်းနှင့်ဆောင်ရွက်ခြင်းမဟုတ်ပါဘူး။ နောက် Financially ဘဏ္ဍာရေးတိုးပွားမှုကို လည်း ရည်ရွယ်တဲ့ အန္တိမရည်မှန်းချက်မရှိပါဘူး။ ကျွန်တော်တို့ရဲ့ အဓိကထားတဲ့ ရည်မှန်းချက်က တော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ ရှိနေကြတဲ့ ညီရင်းအကိုမောင်ရင်းနှမ ပြည်နယ်/တိုင်းဒေသအသီးသီးမှာရှိနေကြတဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုလို့ခေါ်တဲ့ Traditional Curture နောက်ရှိနေကြတဲ့ မြန်မာဟေ့လို့ပေါ်ထွန်းလာတဲ့ခေတ်ဟာလည်းပဲ ထောင်သောင်းသန်းချီ နေပြီဖြစ်တဲ့အတွက် ရှိနေတဲ့သမိုင်းရဲ့ ရှိနေအပ်သော Heritage လို့ခေါ်တဲ့ သမိုင်းဝင်များကို ကမ္ဘာက သိရှိအောင်ကျွန်တော်တို့ ဖော်ထုတ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ကို ဦးတည်ပါတယ်။ ဒါကြောင့်မို့လို့ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသော မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးအား မိမိရဲ့ပြည်နယ် အကျိုး၊ နိုင်ငံ့အကျိုးကို

သယ်ပိုးပြီးတော့ မေးမြန်းတဲ့မေးခွန်းဖြစ်တဲ့အတွက် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဦးစွာပန်ကြားလိုပါတယ်။ ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်မှာ ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ မြောက်ဦးမြို့နယ်ဟာ လွတ်လွတ်လပ်လပ်သွားလာခွင့်ဆိုတာကို သတ်မှတ်ခဲ့ပါတယ်။ ထိုသတ်မှတ်ခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကျွန်တော်တို့ Tourism များရဲ့စေလွှတ်မှုနှင့် FIT လို့ခေါ်တဲ့ Forigen Intervened Traveller လွတ်လပ်စွာသွားလာနိုင်ခွင့်ကို ဆောင်ရွက်စေခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာ ကြိုတင်ခွင့်ပြုချက်များ ခွင့်ပြုတောင်းခံခြင်းမရှိဘဲနှင့် ၂၀၀၈ ခုနှစ်ကနေစပြီးတော့ မြောက်ဦးမြို့နယ်ဟာ လွတ်လွတ်လပ်လပ် ကမ္ဘာလှည့်ခရီးသည်များ သွားရောက်လေ့လာနိုင်ဖို့အတွက် စီစဉ်ခဲ့စေပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ရဲ့ အခြေအနေဖြစ်ပေါ်မှုကြောင့် One of the Crisis ဖြစ်တဲ့အတွက် ၃၀-၈-၂၀၁၂ မှာ ခေတ္တပိတ်ထားခဲ့ရပါတယ်။ ဒါကြောင့် အညှိရှိရင်ယင်အုံတယ်။ ဒါကြောင့်မို့လို့ မီးဘေးရှောင်မလောင်ခင်တားဆိုသလို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ၃၀-၈-၂၀၁၂ ရက်နေ့ကနေစပြီးတော့ ခေတ္တပိတ်ထားခဲ့သော်လည်းပဲ ၂၅-၉-၂၀၁၂ နေ့မှာ ပြန်လည်ပြီးတော့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ တစ်ခါ အခြေအနေမတည်ငြိမ်သေးတဲ့အတွက်ကြောင့်မို့လို့ ၂၅-၁၀-၂၀၁၂ ရက်နေ့မှာ တစ်ခါပြန်ပြီးတော့ ပိတ်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ၂၅-၁၀-၂၀၁၂ ကနေပိတ်ခဲ့တဲ့ နေရာမှာ ၃၀-၁-၂၀၁၃ အတွင်းမှာ ကျွန်တော်တို့ထံလည်း ခွင့်မတောင်း သူတို့ထင်ရာသွားလာနေကြတဲ့ ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း ၁၄၀ ဦးရှိခဲ့တယ်ဆိုတာ သိခဲ့ရပါတယ်။ သို့သော်လည်းပဲ ထိုသို့ သွားလာနေတဲ့ပုဂ္ဂိုလ်များကို အနှောင့်အယှက်မရှိ ဘေးကင်းရန်ကင်းအောင်ဆိုပြီးတော့ ၄-၁၁-၂၀၁၂ ရက်နေ့မှာ ကျွန်တော်တို့ ညွှန်ကြားရေးမှူးအဆင့်ထက်မနိမ့်တဲ့ ပုဂ္ဂိုလ်ကို အနီးကပ်ကြီးကြပ်ဖို့အတွက် စေလွှတ်ပေးစေခဲ့ပါတယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်ရဲ့ဆောင်ရွက်မှုနဲ့ပဲ ကမ္ဘာလှည့်ခရီးသည်များ ခွင့်ပြုမိန့်မပေးသော်လည်းပဲ သူတို့သွားရောက်ပြီး လေ့လာနေကြတဲ့အတွက် ဒါကို မှတ်တမ်းအဖြစ်နဲ့သာတင်ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ စောစောက ပဏ္ဏာမမှာတင်ပြခဲ့သလို ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဟာ စီးပွားရေးနှင့်ဘဏ္ဍာရေးကို ဖြည့်တင်းပေးဖို့ဆိုတဲ့ရည်ရွယ်ချက်ကို အဓိကမထားဘဲ ယခု ဦးအောင်ထွန်းသာရဲ့တင်ပြချက်အတိုင်း မြောက်ဦးမြို့နယ်မှာ စေတီပုထိုးတွေ စူးစမ်းစရာတွေ အများကြီးရှိတဲ့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာကနေပြီးတော့ အေးအေးချမ်းချမ်းတည်တည်ငြိမ်ငြိမ်ဖြစ်လာမယ်ဆိုရင် ပြန်လည်ပြီးတော့ မြောက်ဦးမြို့နယ်ကို ယခင်ကလည်းပဲ Open Up လုပ်ခဲ့

တဲ့အတွက် မကြာမီမှာ ခွင့်ပြုသွားနိုင်ပါလိမ့်မယ်လို့တင်ပြရင်း ဦးအောင်ထွန်းသာရဲ့ မေးခွန်းကို လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းချက်ကို ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဇီဝဗေဒဘာသာရပ်ကို အဓိကသင်ယူနေကြသော ကျောင်းသားကျောင်းသူများအား စာမေးပွဲဖြေဆိုချိန်တွင် ဘောဂဗေဒဘာသာရပ်နည်းတူ ဖြေဆိုချိန်သတ်မှတ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ လေးစားထိုက်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြသော လူကြီးမင်းများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဇီဝဗေဒပညာရပ်သင်ကြားနေတဲ့ ဆရာ ဆရာမများနဲ့ ကျောင်းသား ကျောင်းသူများ တင်ပြဆွေးနွေးချက်အရ ယခုလို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဇီဝဗေဒဘာသာတွဲတွင် သင်ယူနေသော ကျောင်းသားကျောင်းသူများအတွက် ဇီဝဗေဒဘာသာရပ်သည် အင်္ဂလိပ်လိုသင်ကြားကျက်မှတ်ရသော ဘာသာရပ်ဖြစ်သည့်အပြင် စာမေးပွဲဖြေဆိုချိန်တွင်လည်း နားရက်မရှိ တစ်ဆက်တည်း ဖြေဆိုနေရပါသဖြင့် ကျောင်းသားကျောင်းသူများသည် ကျက်မှတ်ထားရသော စာများကို ပြန်လည်နွှေးချိန်မရပါသဖြင့် စာမေးပွဲတွင် ရမှတ်များရသင့်သလောက် လုံးဝမရရှိခဲ့ကြပါ။ ဘောဂဗေဒဘာသာတွဲ အတွဲ(၁)တွင် သင်ယူနေကြသော ကျောင်းသားကျောင်းသူများနဲ့ နှိုင်းယှဉ်လျှင်လည်း ဘောဂဗေဒဘာသာရပ်သည် မြန်မာဘာသာဖြင့်သာ သင်ကြားကျက်မှတ်ဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပြီး ၎င်းဘာသာရပ်အတွက် ဖြေဆိုရသော စာမေးပွဲဖြေဆိုရက်အချိန်မှာလည်း ဇီဝဗေဒဘာသာရပ်ထက် စာကျက်ချိန် ၃ ရက် စာနွှေးချိန် ၃ ရက် ပိုရနေသည်ကို တွေ့ရှိရပါသည်။ ဇီဝဗေဒဘာသာရပ်ထက်အားသာနေသည့်အပြင် ကျန်ဘာသာရပ်များကိုလည်း အားစိုက်ချိန်ရသဖြင့် ဇီဝဗေဒဘာသာရပ် အထူးယူသော ကျောင်းသားကျောင်းသူများနှင့်နှိုင်းယှဉ်လျှင် အမှတ်အလွန်များနေသည်ကို တွေ့ရှိရပါတယ်။ ဇီဝဗေဒမှာ အင်္ဂလိပ်လိုကျက်မှတ်ရပြီး စာမေးပွဲဖြေဆိုချိန်တွင်လည်း နားရက်မရှိ ဆက်တိုက်ကျက်မှတ်ဖြေဆိုနေရပါသဖြင့် ဘောဂဗေဒဘာသာရပ်ထက် ရမှတ်များမရရှိဘဲ အားနည်းနေသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုသို့ ဇီဝဗေဒဘာသာရပ်အတွက် အားနည်းချက်များရှိပါသဖြင့် ကျောင်းသားကျောင်းသူများ ဇီဝဗေဒဘာသာရပ်ကို အဓိကဘာသာရပ်အဖြစ်သင်ယူရမှာကို ကြောက်ရွံ့နေခြင်းလည်း ကျွန်တော်တို့ မဖွံ့ဖြိုးသေးတဲ့ ပြည်နယ်မှာ တွေ့ရှိရမှာ အမှန်ဖြစ်ပါတယ်။

ဇီဝဗေဒသာဘာရပ်သည် ကျန်းမာရေးဆေးဝါးပညာအတွက် အခြားအဘက်ဘက်တွင် အလွန်အရေးပါလှသောကြောင့် ထိုသို့ဆက်ပြီးဖြစ်နေပါက ဇီဝဗေဒဘာသာရပ်သည် တဖြည်းဖြည်းပျောက်ကွယ်မှေးမှိန်သွားမှာကိုလည်း စိုးရိမ်မိပါတယ်။ သို့ဖြစ်ပါ၍ အင်္ဂလိပ်စာသိပ်မကျွမ်းကျင် သိပ်မတတ်မြောက်သေးလို့ ယူဆရတဲ့ ကျွန်တော်တို့ မဖွံ့ဖြိုးသေးတဲ့ တိုင်းရင်းသားဒေသများမှာ အဓိက ကျွန်တော်တို့ ပြည်နယ်တွေမှ ပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ဇီဝဗေဒဘာသာရပ်ကို အဓိကသင်ယူနေကြသော ကျောင်းသားကျောင်းသူများအား စာမေးပွဲဖြေဆိုချိန်တွင် ဘောဂဗေဒဘာသာရပ်နည်းတူ ဖြေဆိုချိန်နှင့် သတ်မှတ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ယခုနှစ်တွင် အစီအစဉ်မရှိပါက အကယ်၍ မည်သည့်နှစ်တွင် အစီအစဉ်ရှိမည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ မေးမြန်းချက် ဇီဝဗေဒဘာသာရပ်ကို အဓိကသင်ယူနေကြတဲ့ ကျောင်းသားကျောင်းသူများအား စာမေးပွဲဖြေဆိုချိန်တွင် ဘောဂဗေဒဘာသာရပ်နည်းတူ ဖြေဆိုချိန်သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်ကစပြီးတော့ ကြေညာပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒါကြောင့်မို့ ကြေညာချက်အဖြစ်တော့ မြန်မာပြည်မှာ National Exam က ဒီတစ်ခုတည်းရှိပါတယ်။ အဲဒီအတွက် လက်ရှိအချိန်မှာတော့ ဇီဝဗေဒဘာသာရပ်ကို အဓိကသင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများ အနေဖြင့် ယခုနှစ်မှာ ဘောဂဗေဒဘာသာရပ်နည်းတူ ဖြေဆိုချိန်သတ်မှတ်ပေးနိုင်ရန် အစီအစဉ် လောလောဆယ်မရှိကြောင်း ဖြေကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ်ရှင်းပြခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးကို မေတ္တာရပ်ခံပါတယ်။ ဒီနှစ်စာမေးပွဲ အချိန်စာရင်းဟာ ကျွန်တော်တို့ဟာ ၁၃ ရက်နေ့ မတ်လမှာ စပါမယ်။ မြန်မာစာ ဖြစ်ပါတယ်။ ၁၄ ရက်နေ့မှာ ကြာသပတေးနေ့ဖြစ်ပါတယ်။ အင်္ဂလိပ်စာ ဖြစ်ပါတယ်။ ၁၅ ရက်နေ့မှာ သောကြာနေ့ဖြစ်ပါတယ်။ ၁၆ ရက်နေ့ စနေနေ့ကျတော့ စိတ်ကြိုက်

မြန်မာစာ ဖြစ်ပါတယ်။ ကျောင်းသားက ၆၀၀ လောက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စနေနေ့မှာလည်း သူတို့နားပါတယ်။ တနင်္ဂနွေလည်း နားပါတယ်။ နှစ်ရက်နားပြီးမှ ၁၈ ရက် တနင်္လာနေ့ကျတော့ ဓာတုဗေဒဖြစ်ပါတယ်။ ၁၉ ရက်နေ့ကျတော့ ရူပဗေဒဖြစ်ပါတယ်။ ၂၀ ရက်နေ့မှာ ဇီဝနဲ့ သမိုင်းဖြစ်ပါတယ်။ ၂၁ ရက်နေ့မှာ ပထဝီဝင်ဖြစ်ပါတယ်။ ၂၂ ရက်နေ့မှာ ဘောဂဗေဒဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကျောင်းသားဘဝက ၆၇-၆၈ ပါ။ ကျွန်တော်တို့ ငါးဘာသာဖြေရပါတယ်။ ခြောက်ဘာသာ မဟုတ်ပါဘူး။ ကျွန်တော်တို့ Non Stop တစ်ခါမှ မနားခဲ့ရပါဘူး။ ကျွန်တော့်ညီတွေဖြစ်တဲ့ ဒီထဲမှာ ကျွန်တော့်ထက်နောက်ကျတဲ့ အောင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ရှိပါတယ်။ သူတို့ခေတ်က လည်း ခြောက်ဘာသာဖြစ်ပါတယ်။ သူတို့ဟာ လုံးဝမနားခဲ့ကြရပါဘူး။ Non Stop ပဲ ဖြေခဲ့ကြရပါတယ်။ အခု ဒီဟာကျတော့ ကျွန်တော်တို့က နှစ်ရက်နားရအောင်လို့ ကျွန်တော်တို့က ဗုဒ္ဓဟူးနေ့ စလိုက်ပါတယ်။ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ။ စနေနေ့က ကျတော့ စိတ်ကြိုက်မြန်မာစာဆိုတာ အင်မတန်လည်း နည်းပါးပါတယ်။ ကျွန်တော်တို့ ကွန်မြူနေးရှင်းတွေက လည်း ရှစ်ခုပါတယ်။ ကြားထဲအစားထိုး လို့လည်း အင်မတန်ခက်ခဲပါတယ်။ အဲဒီတော့ စနေ၊ တနင်္ဂနွေပြီးတော့ ဓာတုဗေဒလာမယ်။ ရူပဗေဒ၊ ဇီဝဗေဒလာမယ်။ ဘောဂဗေဒကတော့ By Chance အရ နောက်ဆုံးသောကြာနေ့မှာ ဖြေရမှာ ဖြစ်ပါတယ်။ လာမယ့်နှစ် တကယ်လို့ လုပ်မယ်ဆိုရင် တရားမျှတမှု လို့ထင်ရင်တော့ ကျွန်တော်တို့ လွယ်ပါတယ်။ ပထမရက် ဗုဒ္ဓဟူးနေ့ကို မြန်မာစာ၊ ကြာသပတေးနေ့ကို အင်္ဂလိပ်စာ၊ သောကြာနေ့ကို သင်္ချာ။ စနေနေ့ကို စိတ်ကြိုက်မြန်မာစာ။ ကျန်တာတွေ နားပါတယ်။ တနင်္ဂနွေနေ့ကို အကုန်နားပါတယ်။ တနင်္လာ ဓာတုဗေဒ၊ အင်္ဂါ ရူပဗေဒ၊ ဗုဒ္ဓဟူးကျလို့ရှိရင် ဇီဝနဲ့ ဘောဂကို တစ်ပြိုင်တည်း ဖြေရင်လည်း ဖြစ်ပါတယ်။ ဇီဝရော ဘောဂရော တစ်ပြိုင်တည်း ဖြေရရင် အခွင့်အရေးတူဖြစ်ပါတယ်။ တစ်ခုကတော့ရှိတာပေါ့။ ဘောဂကတော့ နာသွားတာပေါ့။ နားရက် မရလိုက်တော့ဘူး။ အဲဒီလို လုပ်ရင်တော့ ကျွန်တော်တို့က လွှတ်တော်သဘောပါပဲ။ အများဆန္ဒနဲ့ဆို ကျွန်တော်တို့က လုပ်ဖို့ အဆင်သင့်ပါပဲ။ ကျွန်တော်တို့ခေတ်ကတော့ မနားခဲ့ရပါဘူး။ ငါးရက်စလုံး ဆက်တိုက်ဖြေရပါတယ်။ နှစ်ရက်နားစေချင်လို့ ကျွန်တော်တို့က ဗုဒ္ဓဟူးနေ့ကို စခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ လုပ်မယ်ဆိုရင်တော့ ဇီဝနဲ့ဘောဂကို တစ်ရက်တည်းဖြေလို့ရပါတယ်။ ဝိဇ္ဇာဖြေတဲ့ကျောင်း ရှိသလို သိပ္ပံဖြေတဲ့ကျောင်းကိုလည်း ခွဲထားပါတယ်။ အဲဒီလိုဆိုရင် ဘောဂဗေဒကတော့ တစ်ပြိုင်တည်း ဖြေကြ။ အဲဒါလေး ကျွန်တော်တို့ ရှင်းပြပါရစေခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်တို့ ခေတ်တွေကတော့ ကျွန်တော့်ညီတွေလည်း ရှိပါတယ်။ ခြောက်ဘာသာဖြေတဲ့လူတွေရှိတယ်။ ကျွန်တော်တို့ Non Stop ပါ။

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ ခြောက်ဘာသာဖြေရတယ်။ ကျွန်တော်တို့ကျတော့ သောကြာနေ့အထိပဲ ငါးဘာသာပဲ ဖြေခဲ့ရတယ်။ အဲ့ဒါလေးကို ကျွန်တော် ရှင်းပြတာပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆရာကြီး ဒေါက်တာမြဲအေး။ လွှတ်တော်ရဲ့ သဘောထား အဆုံးအဖြတ် ဆိုတာနဲ့ပတ်သက်လို့တော့ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စကို သက်ဆိုင်ရာဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန များက လုပ်ဖို့ပဲ ဖြစ်ပါတယ်။

**ဒေါက်တာမြဲအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူရဲ့သဘောသဘာဝကတော့ ဒီလိုပဲဆန္ဒတွေ၊ သဘောထားတွေ ရှိကြပါတယ်။ လူ့အကြိုက်တော့ နတ်မလိုက်နိုင်ပါဘူး။ အဲဒီတော့ လုပ်သင့်လုပ်ထိုက်တာ လုပ်ဖို့ပဲ ဖြစ်ပါတယ်။

**ဒေါက်တာမြဲအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဒါကြောင့်မို့ ကျွန်တော်ရှင်းပြပါတယ်။ ကျွန်တော်တို့တုန်းက လုံးဝမနားခဲ့ရပါဘူး။ တကယ်တော့တဲ့ကလေးကလည်း မနားရလည်း တော်ပါတယ်။ ညံ့တဲ့ကလေးက အဲဒီနှစ်ရက်နားရလည်း တစ်ပုဒ်တောင်မရဘူး။ စဉ်းစားကြည့်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနကသာ ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ လွှတ်တော်ကတော့ မဆုံးဖြတ်ပါရစေနဲ့။

**ဒေါက်တာမြဲအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**မြန်မာနိုင်ငံတွင် သမိုင်းဝင်ကုလား သို့မဟုတ် ဘင်္ဂါလီရှိသည်ကို အသိအမှတ်ပြုပါသလားနှင့် တီထွင်ထားသော အမည်ကို တားမြစ်ပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအား ဂါရဝပြုလျက် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းပါစေလို့ ကျွန်တော်က ဆုတောင်းလိုက်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကလောင်အမည်ကတော့ ပန်းချီမင်းညို။ ရခိုင်ပြည်နယ် ဒေသခံရခိုင်တိုင်းရင်းသားများနဲ့ ဧည့်သည်တစ်ဖက်နိုင်ငံမှ ကုလား(ခေါ်)ဘင်္ဂါလီ မျိုးနွယ်စုပဋိပက္ခ ဖြစ်ကြပါတယ်။ နှစ်ဖက်စလုံးမှ အသေအပျောက်များ၍ ပစ္စည်းဥစ္စာများ ဆုံးရှုံးနစ်နာခဲ့ကြပါတယ်။ ၁၉၄၂ ခုနှစ်ကပင် ရန်စခဲ့သော ပဋိပက္ခသည် အကြိမ်များစွာ ပျောက်လိုက်ပေါ်လိုက် ဖြစ်ခဲ့သည်မှာ ၂၀၁၂ ခုနှစ်အထိ သက်တမ်းရှည်ခဲ့ပါတယ်။ သမိုင်းတွင် မရှိခဲ့သည့် တရားမဝင်သော လိုအင်ဆန္ဒကြောင့် သူများပစ္စည်းကို မတရားယူလိုသောတောင်းဆိုမှု၊ လုယက်တိုက်ခိုက်မှု၊ အကြမ်းဖက်မှုများကြောင့် အေးချမ်းစွာနေလိုသော ဒေသခံရခိုင်တိုင်းရင်းသားများမှာ မိမိတို့ပိုင်ဆိုင်သောပိုင်နက်ကို ကာကွယ်သည့်အနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုကိုကာကွယ်သည့်အနေဖြင့် လည်းကောင်း ကျူးကျော်ရန်စမှုကို မခံလိုဘဲ ဆန္ဒအရကာကွယ်ခဲ့ကြပါတယ်။ အကြောင်းအရင်းမှာ လုတဲ့သူနဲ့ အလုခံရသူများက ဘယ်သူလွန်သည်ကို သိကြမည်ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်တွင် လူဝင်မှု ကြီးကြပ်ရေးဌာနမရှိဘဲ အင်္ဂလိပ်များမှာ ကူလီလုပ်ရန် လည်းကောင်း၊ ဝန်ထမ်းလုပ်ရန်လည်းကောင်း ဧည့်သည်စစ်တကောင်း နယ်သား ကုလား(ခေါ်) ဘင်္ဂါလီများကို မြန်မာနိုင်ငံအတွင်းသို့ ခေါ်ယူသွင်း လာခဲ့တယ်။ လွတ်လပ်ရေးရပြီးနောက် ကုလား ဆူပူမှုဂျာဟစ် ရခိုင်ရွာပေါင်း ၃၀၀ ကျော်ကို မိမိတို့ ပိုင်နက်နေရာဒေသမှ ရခိုင်များကို အကြမ်းဖက်၍ နည်းမျိုးစုံဖြင့် မောင်းထုတ်ခဲ့ပါတယ်။ ရခိုင်လူမျိုး များ ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေ၊ နေရပ်ပစ္စည်းများကို ရယူသိမ်းဆည်းပြီး နယ်ချဲ့ခဲ့သော အဲဒီဘင်္ဂါလီ များ ဖြစ်ကြပါတယ်။ ရခိုင်များက ဘင်္ဂါလီများကို မျိုးသုဉ်းသတ်ဖြတ်သည်ဟု အယ်ဂျီးရီးယား ရုပ်မြင်သံကြားမှ ပုံကြီးချဲ့ပြီးလွှင့်သည်မှာ လုံးဝမမှန်ကန်ပါ။ ဘင်္ဂါလီများကို ရာဂဏန်းမှ ထောင်ဂဏန်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်း၊ သောင်းဂဏန်းမှ သိန်းဂဏန်းသို့ တိုးပွားလာခြင်းမှာ မျိုးသုဉ်းသတ်ဖြတ်ခြင်း မဟုတ်ပါဘူး။ မှန်သည် မှားသည်ကို လွှတ်တော်ကိုယ်စားလှယ်များ စဉ်းစား ကြည့်လျှင် သိရှိနိုင်ပါတယ်။ ကုလားဝေါဟာရနဲ့ ဘင်္ဂါလီဝေါဟာရနှစ်ခု ပျောက်စေရန် နည်းမျိုးစုံကြံပြီး ကြိုးစားနေခြင်းသာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံမှ ဘာသာတူများကိုစုစည်း၍ ဘာသာရေးပဋိပက္ခ အသွင် ဖန်တီးနေခြင်းသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကုလားဟူသော ဝေါဟာရကို နည်းမျိုးစုံနဲ့ ခြောက်လှန့် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ သို့သော် ဥပမာ ဦးကုလားရာဇဝင်ကြီး၊ ဇင်းမယ်ကုလား၊ သွေးသောက် ကြီးကန်ကုလား၊ ကုလားမနိုင် ရခိုင်မဲ၊ ကုလားဖြူ၊ ကုလားမဲ၊ ကုလားထိုင်၊ ကုလားကာ၊ ကုလားပဲ၊ ဖဲထုတ်တို့တွင်ပါသော ကုလားတို့မှာ ကုလားဝေါဟာရများ ဖြစ်ကြပါတယ်။ ကုလားသည် လူ၏ ဥပမိရုပ်ကို မြင်လျှင် ပါးစပ်မှ လွှတ်ခနဲ အလိုလိုကုလားဟုထွက်သော ကုလားဟူသော ဝေါဟာရကို

ဖျောက်၍မရပါဘူး။ လွတ်လပ်ရေးရပြီးနောက်ပိုင်း လူဝင်မှုကြီးကြပ်ရေးဌာနမှ ယာယီမှတ်ပုံတင်ပေးသည့်အခါ စာရင်းသွင်းပုံစံတွင် ပုံစံ(၁)၌ ကိုးကွယ်သည့်ဘာသာမှာ အစ္စလာမ်ဘာသာ၊ လူမျိုးက ဘင်္ဂါလီဟု အစစ်ခံထားပါတယ်။ သူတို့က အစစ်ခံထားတာပါ။ ကုလား သို့မဟုတ် ဘင်္ဂါလီများက အတိအကျမြန်မာနိုင်ငံက သမိုင်းဝင်ဝေါဟာရဖြစ်ပါတယ်။ ရခိုင်လူမျိုးကို ရခိုင် သို့မဟုတ် ရ-ခိုင် ဟုခေါ်ပါတယ်။ မြန်မာလူမျိုးကို မြန်မာ သို့မဟုတ် ဗမာဟုခေါ်ပါတယ်။ ဂျပန်လူမျိုးကို ဂျပန် သို့မဟုတ် နီပွန်ဟုခေါ်ထားပါတယ်။ ကုလားလူမျိုးကိုလည်း ကုလား သို့မဟုတ် ဘင်္ဂါလီဟု ခေါ်ပါသည်။ ဤဝေါဟာရများကို မည်သည့်အာဏာနဲ့မျှ ဖယ်ရှား၍မရပါ။ နယ်မြေသစ်တစ်ခုရှာပြီး ပြောင်းရွှေ့ပစ်ရင်တော့ ကောင်းမှာပါ။ မြန်မာနိုင်ငံ၏ဥပဒေကို လိုက်နာမည်ဟုပြောလျှင် ပြည်ထောင်စုမြန်မာနိုင်ငံကို သစ္စာရှိရပါမည်။ ၁၉၈၂ ခုနှစ် တည်ဆဲဥပဒေသည် နိုင်ငံခြားသားများ မြန်မာနိုင်ငံကို ဝါးမျိုရန် စိတ်ကူးယဉ်နေခြင်းကို ဥပဒေနှင့် တားမြစ်ထားခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းနှစ်ခုကို ဖြေကြားပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါတယ်။ (၁) မြန်မာနိုင်ငံတွင်သမိုင်းဝင် ကုလား သို့မဟုတ် ဘင်္ဂါလီရှိသည်ဟု အသိအမှတ်ပြုပါသလား။ (၂) ကုလားဘင်္ဂါလီ ရှိပါလျက်နှင့် တီထွင်ထားသောအမည်ကို တားမြစ်ပေးပါမည်လား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ မြန်မာနိုင်ငံတွင် သမိုင်းဝင်ကုလား သို့မဟုတ် ဘင်္ဂါလီရှိသည်ကို အသိအမှတ်ပြုပါသလားနှင့် ကုလား၊ ဘင်္ဂါလီရှိပါလျက်နှင့် တီထွင်ထားသောအမည်ကို တားမြစ်ပေးပါရန် မေးမြန်းချက်နဲ့ ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းမှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ဖြစ်သည့် မြန်မာနိုင်ငံတွင် သမိုင်းဝင်ကုလား သို့မဟုတ် ဘင်္ဂါလီရှိသည်ကို အသိအမှတ်ပြုပါ

သလားဟူသည့် မေးမြန်းချက်နှင့်ပတ်သက်၍ ဦးစွာဖြေကြားရလျှင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ကုန်းမြေနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသဖြင့် ရှေးပဝေသဏီကာလမှပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးသွားလာဆက်ဆံမှုများရှိခဲ့ရာ အိန္ဒိယနိုင်ငံဘက်မှ ကူးလာသူများကို ကုလားလူမျိုးဟူ၍ လည်းကောင်း၊ ဥရောပတိုက်မှ ပြောင်းရွှေ့လာကြသည့် အင်္ဂလိပ်လူမျိုးများအား ကုလားဖြူဟူ၍လည်းကောင်း ခေါ်ဆိုခဲ့ကြကြောင်းသိရပါတယ်။ ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမအကြိမ် စစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ပိုင်နက်ဖြစ်သော ရခိုင်ပြည်နယ်နှင့် တနင်္သာရီဒေသတို့အား အင်္ဂလိပ်ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့သည်မှစကာ ရခိုင်နှင့်တနင်္သာရီဒေသများကို အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းအုပ်ချုပ်ခြင်းခံခဲ့ရပြီး ဆက်လက်၍ ရခိုင်ဒေသအား အနောက်ဘင်္ဂလားသို့ သွတ်သွင်းခဲ့ကာ ရခိုင်ပြည်နယ်ထဲသို့ ဘင်္ဂလားနယ်မှ မူဆလင်အများအပြားဝင်ရောက် အခြေချလာခဲ့ကြကြောင်းနှင့် ဘင်္ဂလားနယ်မှ လာကြသူများဖြစ်၍ ၎င်းတို့အား ဘင်္ဂါလီဟု ခေါ်ဆိုခဲ့ကြပါတယ်။ ရခိုင်ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေ၍ ရာသီအလိုက် လယ်ယာလုပ်သားများ ဝင်ရောက်လာကြပြီး နောက်ပိုင်းကာလများတွင် ၎င်းတို့သည် ရခိုင်ပြည်နယ်တွင် အခြေချနေထိုင်လာခဲ့ကြသည်များလည်း ရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံများမှ ပြောင်းရွှေ့ရောက်ရှိနေထိုင်လာကြသူများအား ၎င်းတို့၏ မိဘဘိုးဘွားအစဉ်အဆက် နေထိုင်လာခဲ့သည့် မူရင်းနိုင်ငံအပေါ် အခြေခံလျက်ခေါ်ဆိုခဲ့ကြရာ အင်္ဂလိပ်စစ်တပ်တွင် အမှုထမ်းကာ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြသည့် နီပေါနိုင်ငံမှလူမျိုးများအား နီပေါလ် ခေါ် ဂေါ်ရခါးဟု ခေါ်ဆိုခဲ့ကြပါတယ်။ မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ်သန်းခေါင်စာရင်းမှတ်တမ်းများအရ တိုင်းရင်းသားမဟုတ်သည့် နိုင်ငံခြားသားလူမျိုးအမည်များမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂါလီ၊ နီပေါလူမျိုးများဖြင့် မှတ်တမ်းတင်ထားခဲ့ပါတယ်။ ထို့အပြင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမှတ်တမ်းများတွင်လည်း တိုင်းရင်းသား မဟုတ်သည့် နိုင်ငံခြားလူမျိုးအမည်များမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂါလီ၊ နီပေါလူမျိုးများဟူ၍ တရားဝင်မှတ်တမ်းထားရှိခဲ့ပါတယ်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်တွင် အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြားထုတ်ပေးရေးဆောင်ရွက်ရာတွင် ရုံးလက်ခံပုံစံ(၁)မှတ်တမ်းများတွင် ရခိုင်ပြည်နယ်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ခေတ်အဆက်ဆက်ရောက်ရှိနေထိုင်ခဲ့ကြသူများအား မူဆလင်လူမျိုးများဟု

ရေးသွင်းခဲ့ပြီး ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်းတွင် မူဆလင်သည် ဘာသာဖြစ်၍ ပုံစံ(၁)များတွင် ဘင်္ဂါလီလူမျိုးများဖြင့်သာ မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့်အတိုင်း မိမိဌာနအနေဖြင့် ဘင်္ဂါလီလူမျိုးများဖြင့်သာ မှတ်တမ်းတင်ထားရှိကြောင်း ဖြေကြားအပ်ပါတယ်။ ယနေ့အချိန်အထိ စာရင်းဇယားကောက်ယူခြင်း၊ စိစစ်ခြင်းများဆောင်ရွက်ရာတွင်လည်း နောက်ကြောင်းမရှိ တီထွင်ပြောဆိုနေသော လူမျိုးအမည်သစ်စာရင်းများကို ထည့်သွင်းဖော်ပြခြင်းမရှိဘဲ ရှေးနှစ်ပေါင်းများစွာကတည်းကပင် အတည်ပြုထားသော အမည်နာမအခေါ်အဝေါ်အတိုင်းပင် အသိအမှတ်ပြုခေါ်ဝေါ် အသုံးပြုခဲ့ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးရှိပါသလားနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင့်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရိုသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အနောက်ဘက်ဒေသဖြစ်တဲ့ ရခိုင်ပြည်နယ်ဟာ နှစ်ပေါင်းရှည်ကြာ တည်ဆောက် ဖြတ်သန်းခဲ့ရသော သမိုင်းဆိုင်ရာရှေးဟောင်းစေတီပုထိုးလက်ရာများဖြင့် ယနေ့ထက်တိုင်ပြည့်စုံ ကြွယ်ဝတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ရခိုင်ဒေသဟာ ၁၈၂၄ ခုနှစ် ရခိုင်ပိုင် ရှင်မဖြူမကျွန်းကို အင်္ဂလိပ်ကိုလိုနီနယ်ချဲ့များက လက်နက်အားကိုးဖြင့် အဓမ္မလုယူခြင်းမှစပြီးတော့ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပေါ်ခဲ့ပါတယ်။ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရခြင်းနှင့်အတူ အင်္ဂလိပ်တို့သိမ်းပိုက်ပြီးဖြစ်တဲ့ အိန္ဒိယ၊ ဘင်္ဂလား၊ စစ်တကောင်းအနေနဲ့ တစ်ဆက် တစ်စပ်တည်းလည်း ဖြစ်ခဲ့ပါတယ်။ ဒီလိုကိုလိုနီစနစ်လက်အောက်မှ ကျရောက်ရခြင်းဆိုးမွေအဖြစ် လည်းကောင်း၊ လွတ်လပ်ရေးရပြီးစ နိုင်ငံမတည်ငြိမ်တဲ့ အခြေအနေများကြောင့်လည်းကောင်း၊ ယခင်ခေတ် အဆက်ဆက်က နိုင်ငံရေးပါတီများ၏ တာဝန်မဲ့လုပ်ရပ်များကြောင့်လည်းကောင်း၊ ဒေသဝန်ထမ်းတချို့၏ နိုင်ငံရေး၊ အမျိုးသားရေးခံယူချက်အားနည်းမှုကြောင့်လည်းကောင်း ရခိုင်ပြည်နယ်အတွင်းသို့ နိုင်ငံခြားတိုင်းတစ်ပါးသားများ တရားမဝင်လာရောက်မှုစဉ်ဆက်မပြတ်ရှိနေခဲ့ပါတယ်ရှင့်။ တိုင်းရင်းသားမဟုတ်တဲ့ တိုင်းတစ်ပါးသားတို့ရဲ့ လူဦးရေပြန့်ပွားမှုများ၊ တရားမဝင်ဝင်ရောက်လာသူများ တိုးပွားများပြားလာတဲ့အတွက်ကြောင့် ရခိုင်ပြည်နယ်မှာ မလိုလားအပ်တဲ့ တည်ငြိမ်အေးချမ်းမှုကင်းမဲ့တဲ့ ပဋိပက္ခများကို ပြင်းထန်စွာရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်ရှင့်။ ၁၉၈၂ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် (၄) အဖြစ် ပြဋ္ဌာန်းတဲ့ မြန်မာနိုင်ငံသားဥပဒေ အခန်း(၂) ပုဒ်မ ၃ တွင် နိုင်ငံတော်တွင်ပါဝင်သောနယ်မြေတစ်ခုခု၌ ၁၈၂၃ ခုနှစ်မတိုင်မီကစ၍ ပင်ရင်းနိုင်ငံ

အဖြစ် အမြဲနေထိုင်ခဲ့တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားများနဲ့ မျိုးနွယ်စုများဟာ မြန်မာနိုင်ငံသားများဖြစ်တယ်လို့ တိကျစွာပြဋ္ဌာန်းထားတာကိုလည်း တွေ့ရှိရပါတယ်ရှင်။ ရခိုင်ပြည်နယ်မှာဖြစ်ပေါ် ခဲ့တဲ့ ပြဿနာအပေါ် မူတည်ပြီးတော့ ရိုဟင်ဂျာဆိုတဲ့နာမည်ကို ပြောဆိုသုံးနှုန်းခြင်း၊ သူတို့က ဘင်္ဂါလီဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းပြောဆိုကြခြင်းများ ပြုနေကြကြောင်းကိုလည်း တွေ့မြင်သိရှိနေရပါတယ်ရှင်။ အဲ့ဒီအခေါ် အဝေါ်ပေါ် မူတည်ပြီးတော့ မလိုလားအပ်တဲ့ ပြဿနာများနှင့်ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိနေတာကိုလည်း ကြားသိနေရပါတယ်ရှင်။ အဲ့ဒီအတွက်ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်သောဝန်ကြီး ဌာနကို အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်ရှင်။ (က) မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဆိုသော လူမျိုးရှိပါ သလားရှင်။ (ခ) ရှိသည်ဆိုပါက မည်သူများဖြစ်ကြပါသလဲ။ (ဂ) မရှိဘူးဆိုပါက အထောက်အထားနဲ့ ညွှန်းဆို ပြောပြနိုင်ပါသလားရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးရှိပါသလား မေးမြန်းချက် နှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက လေးစားစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါ ရန် ဥက္ကဋ္ဌကြီးထံပန်ကြားအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ဖြစ်သည့် ဤအမေးမျိုးအား ပြင်ပမီဒီယာများကမေးမြန်း၍ ကြိမ်ဖန်များစွာဖြေကြားခဲ့ဖူးပြီးလည်း ဖြစ်ပါတယ် ခင်ဗျား။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံ ၅ နိုင်ငံနှင့်နယ်မြေဆက်စပ်လျက်ရှိသောကြောင့် ရှေးပဝေသဏီကာလမှပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံကူးလူးသွားလာဆက်ဆံမှုများ ရှိခဲ့ကြပါတယ်။ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်မယ်ဆိုလျှင် ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံ၏ ပိုင်နက်ဖြစ်သော ရခိုင်ပြည်နယ်နှင့် တနင်္သာရီ ဒေသတို့အား အင်္ဂလိပ်ကိုလိုနီလက်အောက်ကျရောက်ခဲ့သည်ကစကာ ရခိုင်နှင့် တနင်္သာရီဒေသများ ကို အင်္ဂလိပ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းအုပ်ချုပ်ခြင်းခံခဲ့ရပြီး ဆက်လက်၍ ရခိုင်

ဒေသအား အနောက်ဘင်္ဂလားသို့ သွတ်သွင်းခဲ့သဖြင့် ရခိုင်ပြည်နယ်သို့ ဘင်္ဂလားနယ်မှ မူဆလင်များ အများအပြားဝင်ရောက်အခြေချလာခဲ့ကြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ခုလုံးကို ဗြိတိသျှလက်အောက်ကျရောက်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ မီးရထားလမ်း၊ မော်တော်ကားလမ်းများဖောက်လုပ်ခြင်း၊ သင်္ဘောဆိပ်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်္ဂလိပ်စစ်တပ်နှင့် အစိုးရဌာနများတွင် ဝန်ထမ်းများလိုအပ်ခြင်း၊ ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းစသည့်အကြောင်းများကြောင့် အိန္ဒိယမှ အိန္ဒိယနွယ်ဖွားများ အလုံးအရင်းဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြပါတယ်။ ၎င်းအပြင် ရခိုင်ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ဘင်္ဂလားဒေ့ရှ်မှ ရာသီအလိုက် လယ်ယာလုပ်သားများ ဝင်ရောက်လာပြီး နောက်ပိုင်းကာလများတွင် ၎င်းတို့သည် ရခိုင်ပြည်နယ်တွင် အခြေချနေထိုင်လာခဲ့ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရိုဟင်ဂျာလူမျိုးဟူ၍ ရခိုင်ပြည်နယ်တွင် မည်သည့်အခါမှမရှိခဲ့ပါ။ ရိုဟင်ဂျာဟူသော လူမျိုးဖြင့် နယ်ချဲ့ဗြိတိသျှကိုလိုနီခေတ် မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းများ၊ မှတ်တမ်းများ၊ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းများနှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများအရ လူမျိုးဖော်ပြရာတွင်လည်း ပါဝင်ခဲ့ခြင်းမရှိသည့်အပြင် ဗြိတိသျှခေတ် Result များ၌လည်း ပါဝင်ခဲ့ခြင်းမရှိ၍ ရုံးလက်ခံအိမ်ထောင်စုလူဦးရေစာရင်းများတွင်လည်း ရေးသွင်းထားခြင်းမရှိခဲ့ပါ။ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းများနှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းမှတ်တမ်းများအရ တိုင်းရင်းသားမဟုတ်သည့် နိုင်ငံခြားလူမျိုးအမည်များမှာ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂါလီ၊ နီပေါလူမျိုးများသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ် တစ်ရာကျော်တွင်လည်း ရိုဟင်ဂျာလူမျိုးဟူ၍ မပါရှိခဲ့ပါ။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား ထုတ်ပေးရေး ဆောင်ရွက်ရာတွင် ရုံးလက်ခံပုံစံ(၁) မှတ်တမ်းများ၌ ရခိုင်ပြည်နယ်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ခေတ်အဆက်ဆက်ကရောက်ရှိနေထိုင်လာခဲ့သူများမှာ မူဆလင်လူမျိုးဟု ရေးသွင်းခဲ့ပြီး ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက် ပုံစံ(၁)များတွင် ဘင်္ဂါလီလူမျိုးအဖြစ်သာ မှတ်တမ်းတင်ခဲ့ပါကြောင်း ရိုဟင်ဂျာ သို့မဟုတ် ရိုအင်ဂျာလူမျိုးဟူ၍ မှတ်တမ်းတင်ထားရှိခြင်းမရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်ရှိလယ်သမားရေငန်တား တာတမံများအား ခိုင်မာတောင့်တင်းစိတ်ချရသည့် တာတမံများ ဖြစ်လာစေရေး ပြုပြင်တည်ဆောက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်အတွင်းရှိ လယ်သမား ရေငန်တား တာတမံများကိစ္စနဲ့ ပတ်သက်ပြီးတော့မှ မေးမြန်းသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ လယ်သမားများအနေနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်တဲ့နေရာမှာ ပင်လယ်ဒီရေ ဝင်ရောက်နိုင်ရန်အတွက် ရေငန်တားတဲ့တမံများ ဒေသအခေါ် ကာရီများ ဆည်ဖို့ပြီးတော့မှ လုပ်ကိုင် ဆောင်ရွက်ကြပါတယ်။ ရေငန်တားတမံဆိုတဲ့နေရာမှာလည်းပဲ ရခိုင်ပြည်နယ်မှာ နှစ်မျိုးနှစ်စားရှိပါ တယ်။ ပထမတစ်မျိုးကတော့ နိုင်ငံတော်မှ ဖွံ့ဖြိုးရေးအစီအစဉ်နဲ့ စက်ယန္တရားကြီးများနဲ့ ဆောင်ရွက်တဲ့ ရေငန်တားတမံဖြစ်ပြီးတော့မှ နောက်တစ်မျိုးကတော့ ဒေသခံလယ်သမားတွေနဲ့ မိမိတို့ ရဲ့အစီအစဉ်နဲ့ မိမိတို့ရဲ့လုပ်အားနဲ့ ပင်လယ်ရေမဝင်ရောက်စေနိုင်ရန် ဆည်ဖို့တဲ့ဒေသအခေါ် ကာရီ များပဲဖြစ်ပါတယ်။ စာရင်းဇယားများအရ ရခိုင်ပြည်နယ်အတွင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးရေး အစီအစဉ်နဲ့ ဆောင်ရွက်တဲ့ ရေငန်တားတမံ ၃၂ ခုရှိပြီးတော့မှ စုစုပေါင်း မိုင် ၂၀၇.၈၉ မိုင်ရှိပါတယ်။ အကျိုးပြုဧက က ၇၉၅၈၄ ဧက ရှိတယ်လို့သိရှိရပါတယ်။ လယ်သမားများအစီအစဉ်နဲ့ ဆောင်ရွက်တဲ့ ရေငန် တားတာတမံ ကာရီများကတော့ ၃၉၄ ခုရှိပြီးတော့မှ စုစုပေါင်းအရှည် ၄၉၅.၆၇ မိုင်နှင့် အကျိုးပြုဧက ၉၈၁၃၆ ဧကရှိတယ်လို့ လေ့လာတွေ့ရှိရပါတယ်။ စုစုပေါင်းကာရီအရှည်ဟာ ၇၀၃.၅၆ မိုင်ရှိ ပြီးတော့မှ အကျိုးပြုဧက ၁၇၇၇၂၀ ဧကရှိကြောင်းလည်းပဲ ကျွန်တော်တို့ သိရှိရပါတယ်။ လယ်သမား တာများကို လယ်သမားများဟာ မိမိတို့အစီအစဉ်နှင့်တတ်စွမ်းသမျှ ဆောင်ရွက်ကြတာဖြစ်တဲ့ အတွက် နိုင်ငံတော်အစီအမံဖြင့် ဆောင်ရွက်ပေးတဲ့တာတမံများကဲ့သို့ တာပေါင်များကြီးမားခိုင်ခံ့မှုမရှိပါ။ ရေတံခါးများမှာလည်းပဲ ခိုင်မာတောင့်တင်းခြင်းမရှိတဲ့အခြေအနေဖြစ်ပါတယ်။ အဲလို အခြေအနေများ ကြောင့် နှစ်စဉ်လိုလိုမှာပဲ ပင်လယ်ဒီရေများ ဝင်ရောက်မှုကြောင့် လယ်သမားတာများ ကျိုးပေါက် ပြီးတော့မှ လယ်သမားများစိုက်ပျိုးထားတဲ့ စိုက်ပျိုးသီးနှံများ မကြာခဏ ဆုံးရှုံးမှုများ ကြုံတွေ့နေရပါ တယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ဟာ မုန်တိုင်းများမကြာခဏ ဝင်ရောက်တိုက်ခတ်လျက်ရှိတဲ့အပြင်

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့်လည်း တစ်နှစ်ထက်တစ်နှစ် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီးတော့မှ ဒီရေများ ပိုမိုကြီးမြင့်လာတဲ့အတွက် လယ်သမားကာရီအများ ပျက်စီးဆုံးရှုံးမှုများဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း တွေ့ရပါတယ်။ လယ်သမားများအနေနဲ့လည်း ၎င်းတို့ရဲ့ တာတမံများ၊ ကာရီများကို ကြိုးစားပြုပြင်ကြသော်လည်းပဲ တချို့နေရာဒေသများမှာ မတတ်နိုင်တော့တဲ့အခြေအနေဖြစ်ပေါ်လျက်ရှိပါတယ်။ တချို့ကျေးရွာမှ လယ်သမားများဟာလည်းပဲ ဒီရေဝင်ရောက်မှုကို မတားဆီးနိုင်တော့တဲ့အတွက် လယ်မြေများကို စွန့်လွှတ်ပြီးတော့မှ တခြားသော လုပ်ငန်းများကို ပြောင်းရွှေ့လုပ်ကိုင်သွားကြကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီ လယ်သမားကာရီများ တမံများကို ရေတံခါးများအပါအဝင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံချက်ချမှတ်ပြီးတော့မှ ပိုမိုတောင့်တင်းခိုင်မာစေရေးအတွက်ကို ပြုပြင်ပေးဖို့အထူးပဲလိုအပ်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စက်ယန္တရားများနှင့် ခိုင်မာတောင့်တင်းတဲ့ တာတမံများ၊ ရေတံခါးများ တည်ဆောက်ပေးမှသာလျှင် ရခိုင်ပြည်နယ်မှာရှိတဲ့ လယ်သမားများအတွက် လုံခြုံစိတ်ချစွာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်းပဲ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ ကျွန်တော်တို့ လယ်သမားများအတွက် ကာရီများပြုပြင်ဖို့ကို ပြီးခဲ့တဲ့နှစ်က သန်းပေါင်း ၃၀၁၃ သန်းချမှတ်ခဲ့ဝေပေးခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှလည်းပဲ လယ်သမားတာ ၈၆ ခုကို ဆောင်ရွက်မယ်လို့ တင်ပြထားပါတယ်။ လာမယ့်နှစ်မှာလည်းပဲ သန်းပေါင်း ၅၀၀ လယ်သမားကာရီတမံများ ပြုပြင်ဖို့ဆောင်ရွက်ထားကြောင်းလည်း သိရပါတယ်။ သို့ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အဆိုပါ ကာရီတာတမံများကို စိတ်ချရတဲ့ တာတမံများဖြစ်လာစေရေးအတွက်ကို စီမံချက်ရေးဆွဲပြုပြင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လယ်သမားရေငန်တားတာတမံများ ဒီရေဝင်ရောက်မှုအန္တရာယ်မှ ကာကွယ်ဖို့အတွက် ခိုင်မာတောင့်တင်းစိတ်ချရတဲ့ တာတမံများဖြစ်လာစေရေး စီမံချက်ရေးဆွဲပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ၏ ရခိုင်ပြည်နယ်ရှိ လယ်သမား ရေငန်တားတာတမံများအား ဒီရေဝင်ရောက်မှုအန္တရာယ်မှ ကာကွယ်ရန်အတွက် ခိုင်မာတောင့်တင်း စိတ်ချရသည့် တာတမံများဖြစ်လာစေရေး စီမံချက်ရေးဆွဲပြုပြင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသည့် ရခိုင်ပြည်နယ်အတွင်းရှိ လယ်သမားတာ(ကာရီ)များကို ပြုပြင်ရန် လုပ်ငန်းအပေါ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ရန်ပုံငွေကျပ်သန်း ၃၀၁၃ သန်း ခွဲဝေခွင့်ပြုရရှိခဲ့ပါတယ်။ ရခိုင်ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးချက်အရ ဦးစားပေးဆောင်ရွက်ရန် လိုအပ်ချက်ရှိနေသည့် လယ်သမားတာ (ကာရီ) ၈၈ ခု အနက် ၄၉ ခုကို အဆိုပါရန်ပုံငွေဖြင့် ဆောင်ရွက်ရန် အကောင်အထည်ဖော်ခဲ့ပြီး တာတမံ ၃၆ ခုမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်တာတမံ ၁၃ ခုကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကုန်တွင် လုပ်ငန်း၏ ၉၃ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနိုင်မည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ နောက်ဆက်တွဲဇယား(၂) အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၏ လက်အောက်ရှိ တည်ဆောက်ပြီးဖြစ်သော ဆည်၊ တာတမံများနှင့် ရေသောက်စနစ်များအား ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်းဆက်လက်၍ တိုးချဲ့ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အသီးသီးသို့ တာဝန်များ ခွဲဝေလွှဲပြောင်းပေးအပ်ခြင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိ အပြီးသတ်ဆောင်ရွက်ရန်ကျန်ရှိသည့် လယ်သမားတာ(ကာရီ) ၁၃ ခုနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လယ်သမားတာ(ကာရီ) ၃၉ ခုတို့အတွက် သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်

အားဖြင့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာနှင့် လိုအပ်သောကူညီပံ့ပိုးမှုများ စီစဉ်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းသည့် မေးခွန်းသည် ရခိုင်ပြည်နယ်အတွက် ဦးစားပေးလုပ်ငန်းအဖြစ် အဆင့်အလိုက် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများ ပိုမိုစနစ်တကျ ရေရှည်ခိုင်ခံ့ကောင်းမွန်အောင် ရေတို၊ ရေရှည် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးဆောင်ရွက်သွားမှာဖြစ်သည့်အပြင် ကမ္ဘာ့ဘဏ်နှင့်တကွ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတို့ထံမှ ချေးငွေနှင့် အထောက်အပံ့အကူအညီများရရှိခဲ့ပါလျှင် ပိုမို၍ ထိရောက်ခိုင်ခံ့တောင့်တင်းစိတ်ချရသည့် တာတမံလုပ်ငန်းများကို နိုင်ငံတကာ နည်းပညာအကူအညီများဖြင့် ထိထိရောက်ရောက် စီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နောက်ဆက်တွဲ မေးမြန်းလိုတဲ့အချက်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်အား မေးမြန်းလိုပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ရေတားတမံများကို ကာကွယ်ဖို့အတွက် ဘဏ္ဍာငွေကို ပြည်နယ်အစိုးရကတင်ပြတောင်းခံပြီးတော့မှ ဆောင်ရွက်မယ်လို့ ကျွန်တော် နားလည်ပါတယ်။ ပြည်ထောင်စုအဆင့်ကဖြစ်စေ၊ ပြည်နယ်အဆင့်ကဖြစ်စေ၊ မည်သည့်အဆင့်ကဆောင်ရွက်သည် ဖြစ်စေ အဓိကကတော့ ရေတားတမံများ ကောင်းမွန်ဖို့ပဲဖြစ်ပါတယ်။ ဒါလည်း ကျွန်တော် လက်ခံနိုင်ပါတယ်။ သို့ရာတွင် လက်ရှိအနေအထားမှ ပြည်ထောင်စုအဆင့်ကနေမှ ပြည်နယ်အဆင့်ကို လွှဲပြောင်းတဲ့အခါမှာ တာဝန်ပေးတဲ့အခါမှာ ပြည်ထောင်စုအဆင့်ကနေမှ နည်းပညာနှင့် စက်ယန္တရားများ ကူညီဖို့တော့ မလွှဲမသေလိုအပ်ပါတယ်။ သို့ရာတွင် ရခိုင်ပြည်နယ်မှာရှိတဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင်တဲ့ စက်ယန္တရားများဟာ အရေအတွက်အားဖြင့်လည်း နည်းပါးနေပါတယ်။ စက်တွေကလည်းပဲ နည်းနည်းကာလကြာမြင့်စွာအသုံးပြုနေတဲ့အတွက် လက်ရှိအနေအထားအရ တော်တော်လေးပြုပြင်ရမယ့်အနေအထားဖြစ်တဲ့အတွက် ပြည်ထောင်စုအဆင့်အနေနဲ့ ဒီစက်တွေကို အသစ်ပြန်လည်ပြင်ဆင်ဖို့ ဒါမှမဟုတ်ရင်လည်း အသစ်လဲလှယ်ဖို့ အစီအစဉ်များရှိပါသလား။ ဒါ့အပြင် အဲဒီလိုလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာ မြို့နယ်အဆင့်အထိ ပွင့်လင်းမြင်သာစွာ

ဆောင်ရွက်သွားပေးဖို့ ပြည်သူလူထုကို တိတိကျကျ ကြေညာပြီးမှ မည်သည့်တာတမံကို မည်သည့်ငွေကျပြီးတော့မှ မည်သည့်ကာလမှာပြီးဆုံးအောင် ဆောင်ရွက်မယ်စသည်ဖြင့် ပြည်သူများ စိတ်ချမ်းသာအောင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးဖို့ အစီအစဉ်များရှိမရှိ ဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အတိုင်းပါပဲ။ ကျွန်တော်တို့ အခုလောလောဆယ်ကတော့ နိုင်ငံတော်အစိုးရရဲ့ ချမှတ်ထားတဲ့ ညွှန်ကြားချက်အတိုင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို လုပ်ငန်းများ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ သို့သော် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်တဲ့လုပ်ငန်းတွေကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအနေနဲ့ကလည်း ရန်ပုံငွေအနေနဲ့ စီမံချက်နဲ့တကွ သူတို့တင်ပြပြီးတော့ တောင်းခံသွားရပါမယ်။ တင်ပြတောင်းခံမှုကို စီမံချက်မူကတော့ သက်ဆိုင်ရာ ဒေသမှာရှိတဲ့ ဆည်မြောင်းဦးစီးဌာနနှင့် ကျွန်တော်တို့ ဆည်မြောင်းရုံးချုပ်တို့ ပြန်လှန်ညှိနှိုင်းပြီးတဲ့နောက်ပိုင်းမှာ ဖြစ်လာမယ့် စီမံချက်အတိုင်း ဒီစီမံချက်အပေါ်မှာ လိုအပ်တဲ့ပံ့ပိုးမှု စက်ယန္တရားဆိုရင်လည်း လက်ရှိစက်ယန္တရားအခြေအနေ အဲဒါတွေကို အကုန်လုံး ပြန်လည်ခြုံငုံလေ့လာပြီးတော့ လိုအပ်တဲ့ပံ့ပိုးမှုများကို လုပ်ငန်းရဲ့ အစီအစဉ်ပေါ်မူတည်ပြီးတော့ နှစ်အလိုက် ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တင်ပြအပ်ပါတယ်ခင်ဗျား။

**သထုံမြို့နယ် ပြည်တော်သာတူးမြောင်းအား ပြန်လည်တူးဖော်ပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ ကာယစိတ္တသုခနှစ်ဝပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းမှာ စာဖြင့်တင်ပြတဲ့အခါမှာ အချို့အနည်းငယ်ကျန်ရှိသေးတဲ့အတွက် ဖြည့်စွက်ပြီးတော့ မေးမြန်းခွင့်ပြုပါ

ရန် လေးစားစွာပန်ကြားအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့နယ်အတွင်းမှာ ရှိတဲ့ ပြည်တော်သာတူးမြောင်းဟာ ကျွန်တော်တို့ ပါလီမန်ဒီမိုကရေစီခေတ် ဖဆပလအစိုးရလက်ထက်မှာ ပြည်တော်သာစီမံကိန်းကြီးကို အကောင်အထည်ဖော်ပြီး ပြည်တော်သာရမည်ဆိုတဲ့ စီမံချက်ဖြင့် ဆောင်ရွက်ခဲ့တဲ့ တူးမြောင်းကြီးဖြစ်ပါတယ်။ အခု ဒီတူးမြောင်းကြီးဟာ ရှေးယခင်ကတည်းက တောင်သူလယ်သမားများအတွက် ကူညီရရှိဖို့အတွက်ကို တူးဖော်ပေးခဲ့တာဖြစ်တဲ့အတွက် ကျွန်တော်တို့ အပေါ်ကွင်းတွေဖြစ်တဲ့ ပင်လယ်နှင့် တိုက်ရိုက်ဆက်စပ်နေတဲ့အတွက်ကြောင့်မို့လို့ မိုးရာသီရောက်တဲ့အခါမှာ နောင်ကုလား၊ နောင်ဘို၊ မရမ်းကုန်းစတဲ့ လယ်ကွင်းများဟာဆိုရင်ရေနစ်မြုပ်မှုဒဏ်ကနေပြီးတော့ ကင်းဝေးခဲ့ရပါတယ်။ အခု ကျွန်တော်တို့ နိုင်ငံတော်မှ စေတနာထားပြီးတော့ ဆည်မြောင်းတာတမံများကို ပြုလုပ်ပေးတဲ့အခါမှာ ဆိုက်ကရဲရေထိန်းတံခါး၊ မရမ်းကုန်း ရေထိန်းတံခါး၊ ဆိတ်ကျွန်းရေထိန်းတံခါး ဒီရေထိန်းတံခါးတွေကို ရေထိန်းပြီးတော့ သီးထပ်သီးညှပ်တွေစိုက်ပျိုးဖို့အတွက် စေတနာထားပြီး လုပ်ဆောင်ခဲ့သော်ငြားလည်း မိုးရာသီကုန်ပြီး နွေရာသီရောက်တဲ့အခါမှာ ရေကိုထိန်းထားတဲ့အခါမှာ ရေထိန်းတံခါးရဲ့နောက်ကျောတွေမှာ နုန်းတွေပို့လာပြီးတဲ့အခါမှာ ရေထိန်းတံခါးတွေဟာ ဖွင့်လို့မရတဲ့အဆင့်မျိုးကို ပြီးခဲ့တဲ့မိုးရာသီမှာ ကျွန်တော်တို့ ကိုယ်တိုင်ကို တွေ့ရှိခဲ့ရပါတယ်။ အဲဒီလို တံခါးတွေဖွင့်လို့မရတဲ့အတွက်ကြောင့်မို့ အပေါ်ကွင်းတွေဟာ ရေတအားကြီးပြီးတော့ ရေလျှံမှုဖြစ်တဲ့အတွက် လယ်သမားများအနေနဲ့ စပါးပျိုးထောင်လိုက် သေလိုက်နဲ့ အကြိမ်ကြိမ်ပြုလုပ်ရတဲ့အတွက်ကြောင့်မို့လို့ ဆင်းရဲမှုလုံတွင်းကလည်း ဘယ်လိုမှ လွတ်ကင်းနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ရှေးယခင်က တူးဖော်ပေးခဲ့တဲ့ ပြည်တော်သာတူးမြောင်းကြီးဟာဆိုရင် ပေအားဖြင့် ၃၀၀၀ ကျော်ရှည်လျားပါတယ်။ ဒါကြောင့်မို့လို့ ၎င်းတူးမြောင်းကြီးကို ယခုအခါမှာ နုန်းတွေပြည့်ပြီးဖြစ်နေတဲ့အတွက်ကြောင့်မို့ တူးမြောင်းမဖြစ်တော့ဘဲ ကားလမ်းသဘောမျိုးတောင်မှ ဖြစ်နေတဲ့အဆင့်မျိုးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတာက ဒီတူးမြောင်းကြီးကို ကျွန်တော်တို့ လယ်သမားများအတွက် ရေကြီးမှုဒဏ်ကနေ ကင်းလွတ်ဖို့အတွက်ကို အချိန်မီပြန်လည်တူးဖော်ပေးဖို့ အစီအစဉ်ရှိ၊ မရှိ။ ရှိပါက မည်သည့်အချိန်တွင် ပြန်လည်တူးဖော်ပေးမည်ဖြစ်ကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၏ သထုံမြို့နယ် ပြည်တော်သာတူးမြောင်းအား အချိန်မီပြန်လည် တူးဖော်ပေးပါရန် အစီအစဉ်ရှိ၊ မရှိဟူသော မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ဆက်လက် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တော်သာတူးမြောင်းဟာ ပြည်တော်သာစီမံကိန်းအဖြစ် ဆောင်ရွက်ပေးခဲ့သော ရေနုတ်မြောင်းတစ်ခုဖြစ်ပြီးတော့ ၁၉၅၇ ခုနှစ်က တူးဖော်ခဲ့ခြင်းဖြစ်ပါတယ်။ ဌာနမှထိန်းသိမ်းထားသော ရေနုတ်မြောင်း ၄ ခုနှင့် ရေတံခါး ၃ လုံးတို့ဖြင့် နောင်ကုလားကျေးရွာ၊ ဇရစ်ချောင်ကျေးရွာ ၊ နောင်ဘိုကျေးရွာ၊ ဘုဒင်ချောင်ကျေးရွာ၊ ထိန်ပင်ကျေးရွာနှင့် မရမ်းကုန်းကျေးရွာများရှိ လယ်ယာမြေများကို ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ရေနုတ်ပေးလျက်ရှိပါတယ်။

ပြည်တော်သာတူးမြောင်းတူးဖော်ပြီးစီးခဲ့သည်မှာ နှစ်ပေါင်း ၅၆ နှစ်ခန့်ကြာမြင့်ပြီဖြစ်၍ သဲနုန်းများပို့ချမှုကြောင့် ချောင်းကောနေပြီဖြစ်ပါတယ်။ ထို့ကြောင့် သဲနုန်းများပြန်လည်တူးဖော်ပေးရန် လိုအပ်လျက်ရှိပါတယ်။ တူးဖော်ရမည့် ချောင်းအလျားမှာ ၃၅၀၀၀ ပေရှိပြီးတော့ ပြန်လည်တူးဖော်ပြီးစီးပါက လယ်မြေဧက ၆၆၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါတယ်။ သို့ရာတွင် ပြည်တော်သာတူးမြောင်းအား ပြန်လည်တူးဖော်ပေးပြီးပါက ပင်လယ်ဒီရေနှင့်အတူ ပါလာတဲ့ နုန်းများဝင်ရောက်ခြင်းမှ ကာကွယ်ရန်နှင့် ရေချိုသိုလှောင်နိုင်ရန်အတွက် တူးမြောင်း၏ သင့်လျော်သောနေရာ၌ ရေတံခါးတစ်ခု တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ နောက်ဆက်တွဲဇယား(၂) အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၏ လက်အောက်ရှိ တည်ဆောက်ပြီးဖြစ်သော ဆည်၊ တာတမံများနှင့်ရေသောက်စနစ်မြောင်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ဆက်လက်တိုးချဲ့ဆောင်ရွက်ခြင်းစတဲ့ လုပ်ငန်းများအားလုံးကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အသီးသီးသို့ တာဝန်များခွဲဝေလွှဲပြောင်း ပေးအပ်ခြင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသည့် ပြည်တော်သာတူးမြောင်းနှင့် ဆက်စပ်ရေအားအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး၊

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် နည်းပညာပိုင်းဆိုင်ရာနှင့်လိုအပ်သော အကူအညီများ စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြီးခဲ့တဲ့ ဦးသိန်းဆွေ မေးတဲ့မေးခွန်း၊ ဦးစောဘသိန်းမေးတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးကပဲ ဆောင်ရွက်မယ့်ကိစ္စတွေဖြစ်တယ်။ ဒါကြောင့်မို့လို့ သူတို့က တင်ပြဆောင်ရွက်မှာဖြစ်မယ်ဆိုတဲ့ဟာ ကြားသိလာရပါတယ်။ သို့ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေက အခုလို အရေးကြီးတဲ့ကိစ္စတွေ တင်ပြလာခြင်းရှိမရှိ ကိုတော့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေနဲ့ သူတို့ တင်ပြချက်ရှိခြင်း၊ မရှိခြင်းရော သိပါသလား။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ သထုံမြို့နယ် ပြည်တော်သာချောင်းအနေနဲ့ကတော့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်ဆိုတာ တင်ပြချက် ရှိပါတယ်ခင်ဗျား။ လက်ရှိအနေအထားအရ နိုင်ငံတော်အစိုးရရဲ့ ညွှန်ကြားချက်ပေါ်မူတည်ပြီးတော့ လုပ်ငန်းသဘောအရ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ပေးပြီးတဲ့နောက်ပိုင်းမှာလည်း ဒါကို ပြည်နယ်/ တိုင်းဒေသကြီးအစိုးရနှင့် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးတို့ဟာ အမြဲဆက်စပ်မှုရှိပါတယ်။ အဲဒါကို တင်ပြလာတဲ့အပေါ်မှာ ပူးပေါင်းညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားဖို့ အသင့်ရှိပါတယ်ဆိုတဲ့အကြောင်း ကိုဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ယခုမေးတဲ့မေးခွန်းနှင့် ဖြေကြားတဲ့အပေါ်မူတည် ပြီးတော့ ကျွန်တော်တို့ သင်ခန်းစာရလာတာကတော့ ဘယ်လိုပဲ တိုင်းဒေသကြီးနှင့်ပြည်နယ် ဒေသတွေကိုပဲ လွှဲပေးလွှဲပေး သက်ဆိုင်ရာဝန်ကြီးဌာနတွေကိုရော ဆက်စပ်ပြီး ဒီလုပ်ငန်းသည် အရေးကြီးတယ်၊ မကြီး ဘူး သုံးသပ်ပြီးတဲ့အခါမှာ ခွင့်ပြုမိန့် စီမံကိန်း သို့မဟုတ်ရင် ဘတ်ဂျက်ချပေးဖို့ လိုအပ်တယ်လို့ ယူဆ ပါတယ်။ သို့ရာတွင် ဒီကိစ္စကတော့ တစ်ဖက်ကလည်း အရေးကြီးလို့တင်ပြတယ်။ ခုနက ဦးစောဘသိန်းတင်ပြချက်ဆိုရင် နှစ်စဉ်ရေလျှံတဲ့အတွက် ဧက ၃၀၀၀၊ ၄၀၀၀ နှစ်မြုပ်တယ်။ အဲဒီ အတွက် ပျိုးထောင်တယ်။ ပျိုးတွေပျက်တယ်။ တစ်ခါပြန်စိုက်တယ်။ အရှုံးပေါ်နေတယ်။ ပျက်စီးလို့ ဒါမျိုးတွေဟာ ဒီတစ်နေရာတည်းမဟုတ်ဘဲနဲ့ ကျန်တဲ့နေရာတွေမှာလည်းပဲ ရှိတယ်ဆိုတာလည်း ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပြည်ထောင်စုလွှတ်တော်မှာ သက်ဆိုင်ရာ ဌာနအသီးသီးက တင်ပြလာတဲ့ စီမံကိန်းတွေရှိပါတယ်။ ဒီစီမံကိန်းတွေပေါ်မူတည်ပြီးတော့ ငွေရေး၊ ကြေးရေးနှင့်

ပတ်သက်ပြီးတော့ ဘတ်ဂျက်တွေချပေးဖို့လည်း ရှိပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ လယ်ယာနှင့်သားငါး၊ လယ်ယာနှင့် မွေးမြူရေး လုပ်ငန်း ကော်မတီအနေနဲ့ ဒါကို ပြန်လည်စိစစ်ပြီးတော့ မလိုတဲ့နေရာက လိုတဲ့နေရာရောက်အောင် ပြောင်းရွှေ့ စီစဉ်ပေးနိုင်ဖို့လည်းလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဒီမှာတင်ပြချင်တာက နောင်ကျလို့ရှိ ရင်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးကို လွှဲထားတယ်ဆိုပေမယ့် ဒီလုပ်ငန်းတွေဟာ တကယ့် အရေးကြီးတယ်ဆိုရင် ပြည်ထောင်စုအဆင့်ဘက်က ကြည့်ပြီးတဲ့အခါမှာ လိုအပ်လို့ရှိမယ်ဆိုရင်လည်း ထပ်မံပြီးတော့ ဆောင်ရွက်ပေးမယ်ဆို ပိုမိုပြည့်စုံတဲ့ စီမံကိန်းတွေဖြစ်လာမှာဖြစ်ပါတယ်။ ဒီတစ်ပတ် ကတော့ စီမံကိန်းနှင့် ဘတ်ဂျက် အခွန်ကိစ္စများကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးနေပြီဖြစ်တဲ့ အတွက် အခု ဦးစောဘသိန်းတင်ပြတာရော၊ ဦးသိန်းဆွေ တင်ပြတာရော သက်ဆိုင်ရာကော်မတီက မှတ်သားထားပြီးတော့ တင်ပြလာတဲ့ စီမံကိန်းတွေမှာ ပါရှိခြင်းရှိမရှိ။ မရှိဘူးဆိုလို့ရှိရင်လည်း အမှန် တကယ် အရေးကြီးနေတဲ့အတွက် ဒါစဉ်းစားဆောင်ရွက်ဖို့ မိမိတို့ကော်မတီမှာ၊ မိမိတို့လွှတ်တော်မှာ တာဝန်ရှိတယ်လို့ မှတ်ယူပြီး ဆက်လက်ဆောင်ရွက်ပေးဖို့ လွှတ်တော်ကိုအသိပေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးတင်ထွတ်၊ ဇလွန်မဲဆန္ဒနယ်က ဥပဓိရုပ်မကောင်းသော ကျောင်းများပြုပြင်ပေးရေး၊ တွဲဖက် မူလတန်းကျောင်းများ ဘုန်းတော်ကြီးနှင့် သီလရှင်သင်မူလတန်းကျောင်းများ အဆင့်မြှင့်တင်ပေး ရေး၊ အဆိုပါကျောင်းများမှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် ဆရာ ဆရာမများကို အစိုးရခန့် ဆရာ ဆရာမများအဖြစ် ခန့်ထားပေးရေး၊ ဆရာနှင့်ကျောင်းသားအရေအတွက် မျှတမှုမရှိသည့် ကျောင်းများတွင် ဆရာ ဆရာမ တိုးချဲ့ခန့်အပ်ရေးတို့အတွက် အခြေခံ ပညာရေးကဏ္ဍမူလတန်းပညာရေးနှင့် စပ်လျဉ်းသည့် အဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃အရ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးတင်ထွတ် ဇလွန်မဲဆန္ဒနယ်က ဥက္ကဋ္ဌ ထံ စာဖြင့်ရေးသား လက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်တင်ပြလာပါတယ်။ အဆိုတင်ပြဖို့ ဇလွန် မဲဆန္ဒနယ်မှ ဦးတင်ထွတ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွတ် (ဇလွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ အခြေခံပညာရေးကဏ္ဍ မူလတန်းပညာရေးနှင့် စပ်လျဉ်းပြီး အဆိုတစ်ရပ်ကို ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော်ဦးတင်ထွတ်က တင်သွင်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၆ ပုဒ်မခွဲ(ခ)မှာ ဥပဒေနဲ့ ပြဋ္ဌာန်းထား တဲ့ မသင်မနေရအခြေခံပညာရေးကို သင်ကြားရမယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ လူတိုင်းစာတတ် မြောက်ရေးအတွက် ပညာရေးကဏ္ဍမှာ အခြေခံပညာရေးဟာ အရေးအကြီးဆုံးနဲ့ အခြေခံအကျဆုံး ဖြစ်တဲ့အပြင် ပညာတတ်နိုင်ငံသားများ ဖြစ်ပေါ်လာဖို့ဆိုရင် မူလတန်းပညာရေးမှာ စတင်ပညာ သင်ကြားခြင်းဟာ ပထမဆုံးခြေလှမ်းလို့ဆိုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မှာ မသင်မနေရ အခြေခံပညာကို သင်ရမယ်လို့ ပြဋ္ဌာန်းထားပေမယ့်လို့ လက်တွေ့အခြေအနေမှာ ဝေးလံခေါင်သီပြီးတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသများမှာရှိတဲ့ နိုင်ငံသားများအတွက် အခြေခံပညာသင်ယူခွင့်ဟာ ယနေ့အထိ အပြည့်အဝမရရှိသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်အသီးသီးဟာ မိမိတို့မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းများနှင့်စပ်လျဉ်းပြီး အဆိုများတင်သွင်းခြင်း၊ လိုအပ်ချက်များကို မေးခွန်းများ မေးမြန်းခြင်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြနေကြတာ တွေ့ရှိရပါတယ်။ အခြေခံပညာရေး

ကဏ္ဍမှာ မူလတန်းပညာရေးဟာ အခြေခံအကျဆုံးနဲ့ နယ်ပယ်အကျယ်ပြန့်ဆုံးလည်း ဖြစ်ပါတယ်။ တောတောင်ထူထပ်တဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ပြည်နယ်များနဲ့ မြစ်ချောင်းအင်းအိုင်ပေါ များတဲ့ သွားလာရန်ခက်ခဲတဲ့ မြစ်ဝကျွန်းပေါ်ကဲ့သို့သော ဒေသများမှာ မိဘပြည်သူများဟာ မိမိတို့ရဲ့ ရင်သွေးငယ်များ စာတတ်မြောက်ရေးအတွက် မိမိတို့အစီအစဉ်ဖြင့် ကျောင်းအဆောက်အဦများ ဆောက်လုပ်ခြင်း၊ သင်ကြားမယ့် ဆရာဆရာမများ ငှားရမ်းခြင်းဖြင့် တွဲဖက်မူလတန်းကျောင်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိတာ တွေ့ရှိရပါတယ်။ မိမိတို့ ရင်သွေးငယ်များ စာတတ်မြောက်ရေးအတွက် အချို့ဒေသများမှာ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းများ၊ သီလရှင်သင် မူလတန်းကျောင်းများ စသဖြင့် အဆင်ပြေသလို သင်ကြားလျက်ရှိတာကိုလည်း တွေ့ရပါတယ်။ ဒီလိုကျောင်းများမှာ ပြင်ပဆရာ ဆရာမများကို အဆင်ပြေသလို မိဘများရဲ့ ထည့်ဝင်ငွေနဲ့ ငှားရမ်းသင်ယူရတဲ့အတွက် ဆွဲခန့်ဆရာမ အဖြစ်သာရှိပြီးတော့ ပညာရေးရဲ့ရည်မှန်းချက်များကို မူဝါဒနှင့်အညီ ထိထိ ရောက်ရောက် အကောင်အထည်ဖော်တဲ့နေရာမှာ အားနည်းမှုရှိနိုင်တယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါ့အပြင် ရေရှည်တည်တံ့ဖို့ အခက်အခဲများလည်းပဲ ကြုံတွေ့နိုင်တဲ့အပြင် မိဘများအနေနဲ့လည်း ငွေရေး၊ ကြေးရေးအရ ဝန်ထုပ်ဝန်ပိုးများ ပိလျက်ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သော ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများနှင့် တွဲဖက်မူလတန်း ကျောင်းများမှာ ကျောင်းသားဦးရေဟာ ၅၀ကနေပြီးတော့ ၁၈၀ခန့်အထိ သင်ကြားလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ငှားရမ်းရတဲ့ ဆရာအရေအတွက်မှာ ကျောင်းသားအနည်း၊ အများလိုက် ပြီးတော့ ၃ယောက်ကနေ ၆ယောက်အထိ ငှားရမ်းသင်ကြားနေရကြောင်းလည်း သိရှိရပါတယ်။ ဆရာ ဆရာမတစ်ဦးကို လစဉ်လစာထောက်ပံ့ကြေးအဖြစ် ကျောင်းသားမိဘပြည်သူများက ကျပ်လေးသောင်းခန့် ပေးရပါတယ်။ ဒါကြောင့် ၁၀ လနဲ့တွက်ရင် တစ်နှစ်ကို ဆရာဆရာမတစ်ဦးအတွက် လစာ ထောက်ပံ့ကြေးငွေဟာ လေးသိန်းဖြစ်ပြီးတော့ ဆရာဆရာမ ၃ ယောက်ငှားရတဲ့ ကျောင်းအနေနဲ့ စုစုပေါင်းလစာထောက်ပံ့ကြေးဟာ တစ်နှစ်မှာ ၁၂ သိန်းရှိပါတယ်။ ထို့အတူ ဆရာ ဆရာမ ၆ ယောက် ရှိတဲ့ကျောင်းမှာ တစ်နှစ်ကို စုစုပေါင်းလစာထောက်ပံ့ကြေးငွေ ၂၄ သိန်းကို ကျောင်းသားမိဘများက နှစ်စဉ်အကုန်အကျခံရလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်များ၏ ဝေးလံခေါင်သီတဲ့ တောတောင်ထူထပ်တဲ့ ဒေသနဲ့ ရွှံ့နွံအင်းအိုင် ချောင်းမြောင်းတွေပေါများတဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ နေထိုင်ကြတဲ့ မိဘပြည်သူ တို့ရဲ့ ၅ နှစ်အရွယ် ရင်သွေးငယ်များဟာ အခြေခံပညာများ စတင်သင်ကြားတဲ့အရွယ်မှာ လမ်းပန်း

ဆက်သွယ်ရေးခက်ခဲခြင်း၊ ရွှံ့နွံ့ထူထပ်ခြင်းနဲ့ သဘာဝအတားအဆီး အန္တရာယ်တွေရှိခြင်းကြောင့် ဒီလိုတွဲဖက်မူလတန်းကျောင်းများနဲ့ ဘုန်းတော်ကြီးသင်ကျောင်းများ၊ မယ်သီလရှင်သင်ကျောင်းများကို အခြေအနေလိုအပ်ချက်အရ ပေါ်ပေါက်လာခြင်းဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ဒီနေ့ခေတ်လို ပညာခေတ်အချိန်ကာလမှာ နိုင်ငံတော်အစိုးရအနေနဲ့ ပညာရေးကဏ္ဍကို ဦးစားပေးအလေးထား ဆောင်ရွက်နေသကဲ့သို့ ပညာရေးအသုံးစရိတ်များကိုလည်းနှစ်စဉ် တိုးမြှင့်ခွင့်ပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလုပ်ဆောင်နေမှုအပေါ်မှာ ပြည်သူတစ်ရပ်လုံးက ဝမ်းပန်းတသာ ကြိုဆိုလျက်ရှိပြီး ပညာရေးကဏ္ဍကို ယခုထက်ပိုမိုအလေးထားဆောင်ရွက်ပေးနိုင်မယ်လို့ စောင့်စား မျှော်လင့်လျက်ရှိကြပါတယ်။ ဒါကြောင့် မိဘပြည်သူများ မိမိအစီအစဉ်ဖြင့် ဆရာဆရာမများ ငှားရမ်း သင်ကြားနေကြရတဲ့ ပညာရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုထားတဲ့ တွဲဖက်အခြေခံမူလတန်း ကျောင်းများမှာရှိတဲ့ ဆရာ ဆရာမများအစား နိုင်ငံတော်မှလစာစရိတ်ချီးမြှင့်ပေးတဲ့ အစိုးရခန့်ဆရာ ဆရာမများ ခန့်ထားပေးမှသာ ပညာရေးရည်မှန်းချက်ကိုချမှတ်ထားတဲ့ မူဝါဒနဲ့အညီ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်တဲ့အပြင် ကျောင်းသားမိဘများအဖို့လည်းပဲ ငွေရေး၊ ကြေးရေး ဝန်ထုပ်ဝန်ပိုးကြီး လျော့ကျသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာရေးကဏ္ဍဟာ အဆင့်မြင့်ပညာကဏ္ဍထက် လူအများစု ဖြစ်တဲ့ ကျေးလက်နေပြည်သူတို့အတွက် တိုက်ရိုက်များစွာ အကျိုးသက်ရောက်မှုရှိစေတဲ့အတွက် ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်ပေးရန် အထူးလိုအပ်ပါတယ်။ လူအများစုဖြစ်တဲ့ ကျေးလက်နေပြည်သူတို့ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် သူတို့ရဲ့ နှလုံးသားကို ကျေနပ်နှစ်သိမ့်မှုပေးရာရောက်မှာဖြစ်တဲ့အပြင် ယနေ့ကျေးလက်နေ အခြေခံလူတန်းစား များရဲ့ ဘဝကိုလည်းပဲ မြှင့်တင်ပေးရာ ရောက်မှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံတစ်နံတစ်လျားမှာ ဥပမိရုပ်မကောင်းတဲ့ ကျောင်းများ၊ အမိုးအကာမလုံခြုံလို့ ရာသီဥတုဒဏ်ခံနေရတဲ့ကျောင်းများ၊ အန္တရာယ်ရှိတဲ့ကျောင်းများ ကျောင်းသုံးပရိဘောဂမလုံလောက်လို့ ကြမ်းခင်းပေါ်မှာ မြေကြီးပေါ်မှာ စာသင်ကြားနေရတဲ့ကျောင်းများအတွက် လိုအပ်ချက်တွေကို ပထမဦးစားပေးအဆင့်အနေနဲ့ အထူး အလေးထား ဆောင်ရွက်ပေးသင့်ပါတယ်။ ဘတ်ဂျက်လျာထားချက်ကို လေ့လာတဲ့အခါမှာ တစ်နိုင်ငံလုံးမှာ ပြုပြင်ဆောက်လုပ်ရန်လျာထားတဲ့ ကျောင်းပေါင်းဟာ ၂၁၀၇ကျောင်း ရှိကြောင်းတွေ့ ရပါတယ်။ တကယ့်ပကတိအခြေအနေအမှန်မှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ဒါ့ထက်များမယ် လို့ ခန့်မှန်းရပါတယ်။ ကျွန်တော်တို့ ကျောင်းများပြုပြင်ပေးရန်ဆိုတဲ့ စာရင်းကို လေ့လာတဲ့အခါမှာ ကျွန်တော်တို့ ဧရာဝတီတိုင်းဆိုရင် ၂၆မြို့နယ်ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကျောင်းတွေကြည့်လိုက်

တဲ့အခါမှာ တစ်မြို့နယ်ကို ၈ ကျောင်းနှုန်းနဲ့ ခွဲတမ်းသဘောပြုပြင်ဖို့ စာရင်းပါတာ တွေ့ရပါတယ်။ အလားတူပဲ အခြားပြည်နယ်တိုင်းတွေကိုလည်းပဲ ဒီသဘောအတိုင်းပဲ တွေ့ရပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ပြင်ပေးဖို့ ၂၁၀၇ ကျောင်းသည် မမျှမတ ဖြစ်နေသေးတယ်လို့ သုံးသပ် ရရှိပါတယ်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်မယ့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လေ့လာကြည့်တဲ့အခါမှာ အခြေခံပညာကဏ္ဍအတွက် ဖြည့်စွက်လုပ်ငန်းများ သုံးစွဲရန်လျာထားငွေမှာ ကျပ်သန်းပေါင်း ၆၅၂၇၃.၂၊ ဘီလီယံအားဖြင့် ၆၅.၂၇၃ ဘီလီယံ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ရုံးသုံးစက်ကိရိယာများ ပရိဘောဂများနှင့် မော်တော်ယာဉ်များအတွက် စုစုပေါင်း သုံးစွဲမယ့် ဘတ်ဂျက်ငွေလျာထားမှုဟာ ကျပ်သန်းပေါင်း ၁၁၃၂၃.၇၂၄ ဖြစ်ပါတယ်။ ဘီလီယံအားဖြင့် ၁၁.၃၂၃ ဖြစ်ပါတယ်။ အခြေခံပညာကဏ္ဍမှာ ပညာရေးကျောင်းများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ် ဆောက်လုပ်ရန်အတွက် ကျပ်သန်းပေါင်း ၈၈.၂၀၃ ဘီလီယံ သုံးစွဲဖို့လျာထားပြီး အဆင့်မြင့် ပညာကဏ္ဍာမှာ အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်အတွက် စုစုပေါင်း ၁၂၆.၆၄၃ ဘီလီယံ သုံးစွဲဖို့ လျာထားကြောင်း တွေ့ရပါတယ်။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ခု ဘတ်ဂျတ်လျာထားငွေကို နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် အခြေခံပညာကဏ္ဍဟာ အဆင့်မြင့်ပညာကဏ္ဍ ထက် ကျပ်သန်းပေါင်း ၃၈.၄၃၄ ဘီလီယံ လျော့နည်းသုံးစွဲထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ဌာနအသီးသီးရဲ့ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ မော်တော်ယာဉ်များ ဝယ်ယူဖို့အတွက် အသုံးပြုရန် လျာထားငွေဟာ ကျပ်သန်းပေါင်း ၃၁၂၆၅၊ ဘီလီယံအားဖြင့် ၃၁.၂၆၅ ဘီလီယံဖြစ်ကြောင်း တွေ့ရတဲ့အတွက် ရုံးသုံးကိရိယာများ၊ ပရိဘောဂများနဲ့ မော်တော်ယာဉ်များအတွက် လျာထားငွေမှာ လွန်စွာများပြားနေတယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် ဒီအသုံးစရိတ်တွေကို လျှော့ချနိုင်မယ်ဆိုရင် ကျေးလက်နေပြည်သူများက ငှားရမ်းခန့်ထားတဲ့ ဆရာ ဆရာမများအစား အစိုးရမှခန့်ထားမယ့် ဆရာ ဆရာမများအတွက် နိုင်ငံတော်မှ လစာနဲ့ စရိတ်ကျခံသုံးစွဲနိုင်မယ်ဖြစ်ကြောင်း သုံးသပ်ရပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်ဟာ ဘတ်ဂျက်ကို ဖြတ်တောက်ဖို့ မဟုတ်ပါဘူး။ လျှော့သင့်တဲ့နေရာမှာ လျှော့ပြီးတော့ လိုတဲ့နေရာကို တိုးပေးဖို့ တိုးမြှင့်သုံးစွဲဖို့ တင်ပြခြင်းသာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီဘတ်ဂျက်နဲ့ ပတ်သက်လို့ ပြည်ထောင်စုလွှတ်တော်မှာ ဒုတိယဝန်ကြီး ဦးဘရွှေအနေနဲ့တင်ပြသွားတဲ့အတွက် သဘောလည်း ပေါက်ပါတယ်။ ကျွန်တော့်တင်ပြချက်များဟာ ဒုတိယဝန်ကြီးဦးဘရွှေရဲ့ ဒုတိယတင်ပြချက်များထဲမှာ အကျုံးဝင်ပြီးတော့မှ ဖြေရှင်းပြီးသားကိစ္စများလည်း ပါပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့

တင်ပြရခြင်းသည် အခြေခံမှာသုံးတဲ့ဘတ်ဂျက်သည် လိုအပ်ချက်ထက် များစွာ လျော့နည်းနေလို့ ကျွန်တော်ထပ်မံပြီးတော့မှ တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် (၁) မိဘပြည်သူများ ငွေရမ်းအသုံးပြု နေတဲ့ ဆရာ ဆရာမများအစား နိုင်ငံတော်မှ အသိအမှတ်ပြုစာရင်းဝင် ဘုန်းတော်ကြီးသင်မူလတန်း ကျောင်းများ၊ သီလရှင်သင် မူလတန်းကျောင်းများ၊ တွဲဖက်မူလတန်းကျောင်းများကို မူလတန်း ကျောင်းခွဲ သို့မဟုတ် မူလတန်းကျောင်းများဖြင့် တိုးမြှင့်ဖွင့်လှစ်ပြီးတော့ လိုအပ်တဲ့ ဆရာ ဆရာမများ ကို နိုင်ငံတော်မှ တရားဝင်ခန့်အပ်ပြီး လစာစရိတ်ထောက်ပံ့ပေးဖို့၊ (၂) ပြည်နယ်နှင့် တိုင်းဒေသကြီး များအတွင်းမှာရှိတဲ့ ဥပမိရုပ်မကောင်းတဲ့ ကျောင်းများနှင့်စပ်လျဉ်းပြီး မြို့နယ်အလိုက် စာရင်းကောက် ပြီး ပြုပြင်မွမ်းမံ ပြင်ဆင်တည်ဆောက်ပေးဖို့၊ (၃) ဆရာ ဆရာမများခန့်ထားရာမှာ မိဘပြည်သူများ ငှားရမ်းပြီးတော့မှ ခန့်အပ်ထားတဲ့ ဆရာ ဆရာမများကို အစားထိုးတဲ့နေရာမှာ သူတို့ပြုတ်သွားပြီးတော့ အလုပ်လက်မဲ့ မဖြစ်စေဖို့အတွက်လည်းပဲ ထည့်သွင်းစဉ်းစားရန် လိုအပ်တယ်လို့ ထင်မြင်ယူဆပါ တယ်။ ဒါကြောင့် အရည်အချင်းပြည့်မီတဲ့ ပြည်သူများငှားရမ်းထားတဲ့ ဆရာ ဆရာမများကို အစိုးရခန့် ဆရာ ဆရာမများအဖြစ် ပြန်လည်ခန့်အပ်ပေးပြီးတော့ ဒီဆရာ ဆရာမများကို ပညာရေးမူဝါဒနှင့်အညီ သင်ကြားနိုင်ဖို့အတွက် အထူးသင်တန်းများ ဖွင့်လှစ်ပြီးတော့မှ အရည်အချင်းမြှင့်တင်ပေးရန် လိုအပ်ပါ တယ်။ (၄) အချို့သော အခြေခံပညာမူလတန်းကျောင်းများမှာ အချို့ဆရာ ဆရာမနှစ်ဦးသာ ခန့်အပ် ထားတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ သင်ကြားရေးမှာ အခက်အခဲနဲ့ ကြုံတွေ့လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဆရာ ဆရာမ နှစ်ဦးသာခန့်ထားတဲ့ ကျောင်းများကို ဆရာ ဆရာမများ တိုးမြှင့်ပြီးတော့ ခန့်အပ်ပေးရန်လည်း တင်ပြလိုပါတယ်။ (၅) ပညာရေးဝန်ကြီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘတ်ဂျက် လျာထားချက်ပါ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့် မော်တော်ယာဉ်များအတွက် သုံးစွဲမှုနှင့် အဆင့်မြင့်ပညာကဏ္ဍ ဘဏ္ဍာငွေလျာထားမှုများကို ပြန်လည်စိစစ်ပြီးတော့ အခြေခံပညာရေး ကဏ္ဍ၊ အခြေခံပညာမူလတန်းကျောင်းများမှာ ပိုမိုသုံးစွဲပေးဖို့ တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် ဥပမိရုပ်မကောင်းသောကျောင်းများ ပြုပြင်ရေး၊ တွဲဖက်မူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးနှင့် သီလရှင်မူလတန်းကျောင်းများ အဆင့်မြှင့်တင်ပေးရေး၊ အဆိုပါကျောင်းများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ဆရာ ဆရာမများကို အစိုးရခန့်ဆရာ ဆရာမများအဖြစ် ခန့်အပ်ထားပေးရေး၊ ဆရာနှင့် ကျောင်းသားအရေအတွက် မျှတမှုမရှိတဲ့ကျောင်းများမှာ ဆရာ ဆရာမများ တိုးချဲ့ခန့်အပ်ရေးတို့အတွက် ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြရင်း ကျွန်တော့်ရဲ့

အခြေခံပညာရေးကဏ္ဍမူလတန်းကျောင်း၊ မူလတန်းပညာသင်ကြားရေးနဲ့ စပ်လျဉ်းတဲ့ အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်ထွတ်ရဲ့အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်အားဖိတ်ခေါ် ပါတယ်။

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ရဲ့အဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့်က ထောက်ခံသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အဆိုရှင်တင်သွင်းသွားတဲ့အတိုင်း အခြေခံပညာမှာ ငှားရမ်းပြီးပေးနေကြရတဲ့ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းတွေ၊ ဘုန်းတော်ကြီးသင် ကျောင်းတွေဟာ အဆောက်အဦတွေကမကောင်း၊ စာသင်ခုံပရိဘောဂတွေကမပြည့်စုံ၊ သင်ထောက်ကူပစ္စည်းကနည်း၊ သင်ကြားတဲ့ဆရာ ဆရာမတွေက မတည်ငြိမ် အရည်အချင်းမရှိဖြစ်နေတဲ့အတွက်ကြောင့် လက်ရှိအခြေခံပညာရေးရဲ့ လိုအပ်ချက် တွေကို ဖြည့်ဆည်းပေးတဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မိမိတို့ အစီအစဉ်ဖြင့် သင်ယူနေကြတဲ့ အခြေခံပညာကျောင်းများမှာ အခုအဆိုရှင်ဇလွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွတ်ရဲ့ အဆိုအတိုင်း ဆက်လက်ဆောင်ရွက်ပြီးတော့မှ ပေးသင့်ပါကြောင်း လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးတင်ထွတ်၊ ဇလွန်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောကြားပေးပါ။

**ဒေါက်တာမြအေး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်ရဲ့ဒီပညာရေးအခြေခံနဲ့ပတ်သက်တဲ့ အဆိုကိုကျွန်တော် အနည်းငယ် ရှင်းခွင့်ပြုပါ။ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ ဧပြီ ၁ ရက်ကစပြီးတော့ ကနေ့အထိ ကျွန်တော် တို့ ကျောင်းအရေအတွက် အခြေခံကျောင်းပေါင်း ၄၂၃၈၅ ကျောင်း ရှိလာပါတယ်။ ကျွန်တော်တို့ အစိုးရသစ်မတက်ခင်မှာ ၄၀၈၀၁ ကျောင်း ပဲရှိပါတယ်။ ဒါကြောင့်မို့လို့ Section ပေးလိုက်တဲ့ ကျောင်းပေါင်း ၁၅၁၄ ကျောင်းရှိပါတယ်။ Section ပေးလိုက်တဲ့ကျောင်းအပြင် ကျောင်းအဆင့်တိုးတဲ့

ဟာ တွက်လိုက်လို့ရှိရင်တော့ ကနေ့အထိ ကျွန်တော်တို့က ၃၆၉၅ ကျောင်းကိုတော့ Section ပေးရင်း Section တိုးတာရော စုစုပေါင်း ၃၆၉၅ ကျောင်းရှိနေပြီဖြစ်ပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ ဒီဘတ်ဂျက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်စိစစ်ပါတယ်။ ကျွန်တော်တို့လည်း မနက်ကမှ စိစစ်ရတာပါ။ အဲ့ဒီတော့ ဟုတ်ပါတယ်။ ငွေလုံးငွေရင်းဆိုရင်တော့ ကျွန်တော်တို့ ဒီအဆင့်မြင့်ကဏ္ဍက ၂၆.၇၃၈ ဘီလီယံသုံးပါတယ်။ အဲ့ဒီတော့ဒီ ၁၄-၁၂ ကျတော့ အဆင့်မြင့်က ၅.၆၉၉ ဘီလီယံဘဲ သုံးပါတယ်။ ပြင်ဆင်ထိန်းသိမ်းစရိတ်ကျတော့ အခြေခံက ၁၄၆.၀၅၂ ဘီလီယံသုံးပါတယ်။ အဲဒီတော့ စုစုပေါင်းတွက်မယ်ဆိုရင်တော့ ငွေလုံးရော၊ ၁၄-၁၂ ရော ၁၄-၁ နဲ့ရောတွက်မယ်ဆိုရင်တော့ အဆင့်မြင့်ကဏ္ဍက ၁၃၂ ဘီလီယံသုံးပြီးတော့ အခြေခံက ၁၄၁ ဘီလီယံသုံးပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့သဘောပေါက်ပါတယ်။ ဗိုလ်ချုပ်တင်ထွတ်ပြောတဲ့ဟာက ၃၁.၂၆၅ ဘီလီယံဆိုတဲ့ဟာက ကျွန်တော်တို့ ဇိမ်ခံပစ္စည်းတွေဖြစ်ဖို့များပါတယ်။ ကျွန်တော်ပြန်စိစစ်ပါမယ်။ မလိုလားအပ်တဲ့ဆက်တီတို့၊ ဇိမ်ခံပစ္စည်းတို့၊ ၄၁ လက်မတီဗွီတို့ကမလိုပါဘူး။ အဲဒီအတွက် ကျွန်တော်တို့အခြေခံကိုပဲ ကျွန်တော်တို့ သူပြောထားတဲ့အတိုင်းဆို ၃၁.၂၆၅ ဘီလီယံက ပိုသုံးထားသလိုဖြစ်နေပါတယ်။ ဒါတွေက ကျွန်တော်တို့ ဒီအချိန်မှာ မလိုပါဘူးခင်ဗျာ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ဥပမိရုပ်မကောင်းတဲ့ကျောင်းလေးတွေ၊ နောက်ပြိုကျပျက်စီးနေတဲ့ကျောင်းကို အသစ်ဆောက်ရမယ့် ဟာတွေကို ကျွန်တော်တို့ မလိုလားအပ်သေးတဲ့ ပရိဘောဂပစ္စည်းတွေအစား လွှဲပြောင်းသုံးဖို့ ကျွန်တော်ကတိပြုပါတယ်။ နောက်တစ်ခု ကျွန်တော်တင်ပြပါရစေ။ ကျွန်တော်တို့မှာအခက်အခဲတွေလည်း အများကြီးပါ။ မြန်မာပြည်မှာခိုးတွဲဆိုတာရှိပါတယ်။ ခိုးပြီးတော့တွဲဖက်လုပ်ထားတာ ၁၅၀၀ ရှိပါတယ်။ အခု ကျွန်တော် ၁၁၀၀ ကျော် လောက်တော့ တွဲဖက် မူလတန်းကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း(ခွဲ)တို့ ကျွန်တော် ခန့်ပြီးပါပြီ။ သို့သော်အခု ကျွန်တော်တို့လည်း Plan ရှိပါတယ်။ ကျွန်တော်တို့ ဒီ ၁၀ တန်းအောင်တဲ့ကလေးတွေကို ကျွန်တော်တို့ ဟိုဟာပေါ့ဗျာနေ့စား၊ ပြီးတော့ ရုံး၊ ကျောင်းပိတ်ရက်မှာ အချိန်တိုဆရာဖြစ်သင်တန်းများ လုပ်ပါမယ်။ ဘွဲ့ရကလေးတွေကိုကျတော့လည်း ဆွဲခန့်အစီအစဉ်ရှိပါတယ်။ အကောင်အထည်မဖော်သေးလို့ ကျွန်တော်မပြောသေးတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒုတိယဝန်ကြီးတို့ ညွှန်ချုပ်တွေဟာ ယနေ့မှာ အဲ့ဒါတွေဆွဲနေပါတယ်။ ကျွန်တော် အများကြီးလိုပါသေးတယ်။ လိုမှန်းလည်း ကျွန်တော်တို့ သိပါတယ်။ အချို့ကျောင်းတွေက ဆရာဆရာမတွေက ၂ ယောက်တောင်မရှိပါဘူး။ ၁ ယောက် ရှိတာတွေလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ ဖြည့်လို့မနိုင်ဘူး ဖြစ်နေပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ကိုလည်း သည်းခံပေးပါ။

ကျွန်တော်တို့ နောက် ၃ နှစ်ကျန်ပါသေးတယ်။ ၃ နှစ်အတွင်းတော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်။ အဲ့ဒီတော့ ခုနက အဘထွတ်ပြောတဲ့ ဇိမ်ခံပစ္စည်းတို့ ဟိုဟာတွေကိုတော့ ကျွန်တော် လျှော့ပါ့မယ်။ လျှော့ပြီးတော့ အခြေခံကျောင်းတွေကို ကျွန်တော်တို့ အသစ်ပြင်ခြင်း၊ မွမ်းမံခြင်းတို့ကို ကျွန်တော်တို့အမြန်ဆုံး အကောင်အထည်ဖော်ပါမယ်လို့ ကတိပြုပါတယ်။ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ဦးတင်ထွတ်တင်သွင်းတဲ့ အရေးကြီးအဆိုလို့သတ်မှတ်ပေးရတဲ့ အကြောင်းကလည်း အခုဟာ ဘတ်ဂျက် Session ဖြစ်နေပါတယ်။ ဘတ်ဂျက် Session ဖြစ်တဲ့အတွက် သက်ဆိုင်ရာကော်မတီအသီးသီးက သူတို့ သက်ဆိုင်တဲ့ကော်မတီအတွင်းမှာ ကျရောက်နေကြတဲ့ ပြည်ထောင်စုအဖွဲ့အစည်းများရဲ့စီမံကိန်း ဘတ်ဂျက်များစိစစ်တဲ့အခါမှာ အခုလိုပဲတွေ့ရှိထားတာတွေ တော်တော်များများရှိပါတယ်။ ဒါ့ကြောင့်မို့လို့ လိုတဲ့နေရာမှာသုံး၊ မလိုတဲ့နေရာမှာမသုံးနဲ့။ လိုတော့ လည်း ဦးစားပေးအရေးကြီးအရမသင့်သေးဘူးဆိုလို့ရှိရင် ဦးစားပေးအရေးကြီးတာကိုပဲ ခွင့်ပြုဖို့၊ အဲ့ဒီ အခါမှာ လွှတ်တော်ကိုယ်စားလှယ်များကလည်း ကျွန်တော်တို့ တင်ပြထားတာပဲ။ ဒါပေမယ့် ကတိ ကဝတ်တော့ပေးတာပဲ။ သို့ရာတွင် အခုမရဘူးဆိုတဲ့ဟာမျိုးကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက နားလည်ပေးဖို့ လိုပါလိမ့်မယ်။ ဘာကြောင့်လဲ ဒီသတ်မှတ်ထားတဲ့ ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ လုပ်ငန်းများလုပ်ရတာဖြစ်တဲ့အတွက် ဦးစားပေး၊ ဦးစားပေးလုပ်သွားလို့ သတ်မှတ်ထားတဲ့ ဘဏ္ဍာငွေ မရှိတော့ဘူးဆိုရင် ဘယ်လိုမှ လုပ်နိုင်တဲ့အင်အားမရှိပါဘူး။ ဒါလည်း လွှတ်တော်ကိုယ်စားလှယ်များ ဘက်က နားလည်လက်ခံပေးဖို့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ခုနက စကားမှားမှာစိုးလို့ပါ။ ထောက်ခံတဲ့လွှတ်တော်ကိုယ်စားလှယ်က တွဲဖက်ကျောင်းတို့၊ ဘုန်းတော်ကြီးစာသင်ကျောင်းတို့ အဲ့ဒီမှာသင်ကြားနေတဲ့ ဆရာအားလုံးကတော့ အရည်အချင်းမရှိဘူးလို့လည်း ဒီလိုလည်းပြောလို့ မရပါဘူး။ ကျွန်တော်တို့ အစိုးရကျောင်းတွေမှာရှိနေတဲ့ ဆရာဆရာမတွေထက်တော်တဲ့ နေရာတွေ လည်းရှိပါတယ်။ ဒါပေမယ့် အဓိကကျွန်တော်တို့ စဉ်းစားရမှာဘာလဲ။ အဲဒီလိုသင်ပေးနေတဲ့ ဆရာ ဆရာမတွေ၊ ဘုန်းတော်ကြီးတွေ စသဖြင့်ဒီပုဂ္ဂိုလ်တွေဟာ အထိုက်အလျောက်အားဖြင့် အထောက်အပံ့ ရရှိပါတယ်။ ဘယ်သူ့ငွေတွေလဲ။ ပြည်သူများရဲ့ ကလေးသူငယ်များရဲ့ မိဘများရဲ့ငွေတွေ ဒီလိုအသုံးပြု နေရပါတယ်။ တကယ်တမ်းကျတော့ ခုနက ဦးတင်ထွတ်တင်ပြသွားတဲ့ မသင်မနေရ ပညာရေးစနစ် ကျွန်တော်တို့က ချမှတ်ပေးပြီးပြီ။ တကယ်လည်း ကလေးတွေကစာသင်နေတယ်။ သင်တဲ့အခါမှာ အခြေအနေအကြောင်းကြောင်းကြောင့် အစိုးရကျောင်းတွေမှာမသင်နိုင်ဘူး။ မသင်နိုင်တဲ့အခါမှာ

ခုနက ကိုယ့်ဟာကိုကျောင်းဆောက်ရတယ်။ ဆရာဆရာမငှားရတယ်။ အဲဒီအတွက် သူတို့ငွေတွေ ငှားပြီးဆောင်ရွက်နေတာဆိုတဲ့ကိစ္စမှာ တကယ်တမ်းကျတော့ ဒါဖြစ်သင့်တဲ့ ကိစ္စမဟုတ်ပါဘူး။ အဲဒီလို ငှားပြီးတော့ ကလေးများပညာရေးအတွက် ငွေကုန်ကြေးကျခံပြီးဆောင်ရွက်နေတဲ့ မိဘများကကော ချမ်းသာသလား။ အများစုက တောနေတောင်သူလယ်သမားများဖြစ်ပါတယ်။ မချမ်းသာပေမယ့် ကိုယ့်ရဲ့သားသမီးများကို ပညာတတ်အောင်၊ ပညာတတ်မှလူရာဝင်မယ်ဆိုတဲ့ အနေအထားနဲ့ မိဘများ ကစေတနာထားပြီးတော့ မရှိမဲ့ရှိမဲ့ငွေကို ငါတို့သားသမီးတွေ ပညာတတ်အောင်ဆိုပြီးဆောင်ရွက် နေတဲ့ကိစ္စမှာ ဒီလိုကိစ္စမျိုးဆိုတာ ကျွန်တော်တို့ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးဖို့။ ဒါ့ကြောင့်မို့လို့ ပညာရေးမြှင့်တင်မှုကော်မတီကော၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီကော၊ သက်ဆိုင်ရာကော်မတီ အသီးသီးက မိမိတို့တာဝန်ယူစိစစ်ရမယ့် လုပ်ငန်းတာဝန်များကိုစိစစ်တဲ့အခါမှာ လိုအပ်တဲ့နေရာကို သုံးပါစေ။ မလိုတဲ့နေရာသုံးထားတာတွေ့လို့ရှိရင် ဒီငွေတွေကို ခဏဖယ်ထားပေးပါ။ ပြီးတဲ့အခါကျ လို့ရှိရင် အခြားလိုတဲ့နေရာတွေ ဒီငွေတွေ ပြန်သုံးဖို့ပဲ ဖြစ်ပါတယ်။ ဒီနေ့တော့ သက်ဆိုင်ရာကော်မတီ အသီးသီးက ဒီလိုစေတနာထား အပင်ပန်းခံပြီး လုပ်နေတဲ့အနေအထား ဖြစ်ကြောင်းလည်း တွေ့ရပါ တယ်။ ဆက်လည်းဆောင်ရွက်ပေးပါ။ ဒီနေရာမှာ တချို့တချို့သော လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့ လွှတ်တော်အတွင်းမှာ တင်ပြတောင်းခံထားတာလည်း ရှိပါတယ်။ တချို့ကျလည်း မေးခွန်းတွေ မေးထားတာရှိပါတယ်။ မေးခွန်းတွေမေးထား၊ တင်ပြတောင်းခံထားတဲ့ ကိစ္စမှာတကယ်ကို ဆိုးဆိုး ဝါးဝါးဖြစ်ပြီးတော့ ပြင်ရန်လိုတဲ့ကျောင်းများကိုလည်း ခုနကပိုလျှံလာတဲ့ငွေထဲကနေပြီးတော့ ဒီဟာတွေ ဦးစားပေးနိုင်ဖို့ ကော်မတီကစဉ်းစားပေးဖို့လိုပါတယ်။ ကော်မတီက စဉ်းစားပေးသလိုပဲ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကော်မတီကစဉ်းစားပေးတာကို အကောင်အထည်ဖော်မယ့်ဝန်ကြီးဌာနကလည်း ဒီလုပ်ငန်းကတော့လုပ်သင့်တယ်ဆိုတာကို ရက်ပိုင်းအတွင်း ဆုံးဖြတ်ပေးဆောင်ရွက်မှသာ လာမယ့် လွှတ်တော်မှာ ပြည်ထောင်စုလွှတ်တော်မှာ ဘတ်ဂျက်စီမံကိန်းချမှတ်တဲ့အခါမှာ အဆိုပြု ပြင်ဆင် အဆိုပြုတင်ပြမှာဖြစ်တဲ့အတွက် အချိန်တိုတောင်းတဲ့အတွင်းမှာ မှန်မှန်ကန်ကန် ဖြစ်သွားအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်အတွင်းမှာ ပညာရေးနှင့်ပတ်သက် လို့၊ ကျန်းမာရေးနဲ့ပတ်သက်လို့၊ အခြားကိစ္စနဲ့ပတ်သက်လို့ တင်ပြဆွေးနွေးတောင်းခံထားတာများ ရှိတယ်။ အဲ့ဒါတွေဟာလည်း မပါသေးဘူး။ ပါသင့်တာတွေ မပါသေးဘူးလို့ လွှတ်တော်ကိုယ်စားလှယ် များယူဆတယ်ဆိုလို့ရှိရင် သီးခြားသက်ဆိုင်ရာကော်မတီများကို ဒီနေ့ပဲ စာရေးပါ။ ပြီးလို့ရှိရင် လွှတ်တော်ဥက္ကဋ္ဌဆီ မိတ္တူပေးပါ။ ဒီပေါ်မူတည်ပြီးတော့ ခုနက စီမံကိန်းဘတ်ဂျက်ကိစ္စများကို

ကျွန်တော်တို့ဆက်လက်ပြီးတော့ ရက်ပိုင်းအတွင်းကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုလွှတ်တော်က မနေ့က သတ်မှတ်ပေးလိုက်တာက ဒီလိုအဆိုပြု ချက်များကို လာမယ့် ၂၁ ရက်နေ့မှာ အပြီးဆောင်ရွက်ပေးရမယ်လို့ ပြောတဲ့အတွက် ဒီနေ့က ဘယ်ရက်ဖြစ်နေပြီလဲ။ ဒါပေမယ့် ၂၁ ရက်နေ့အပြီးဆိုတဲ့အတွက် ဒီလိုတင်ပြလာတဲ့အပေါ် မူတည်ပြီးတော့ ဒီနေ့သက်ဆိုင်ရာကော်မတီများကစိစစ်၊ ဝန်ကြီးဌာနများနဲ့ညှိနှိုင်းပြီးတော့မှ ပြင်ဆင်အဆိုပြုချက်ကို ၂၁ ရက်နေ့အမီပေးဖို့လည်း ရှိတဲ့အတွက် ဒီလုပ်ငန်းကိုအလေးထားပြီး စေတနာထားပြီးတော့ အပင်ပန်းခံလုပ်ပေးကြပါလို့ ကျွန်တော် ဒီမှာတိုက်တွန်းလိုပါတယ်။

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကတင်သွင်းသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ဖြစ်သော ၂၁-၁၁-၂၀၁၂ ရက်နေ့တွင် တင်သွင်းခြင်း၊ ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ဖြစ်သော ၃၀-၁-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက်အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနှင့်ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူပြီး ဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀(ဃ)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၁၈၅ ချက်ရှိတဲ့အနက်မှ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၁၇၄ ချက်အား ဥပဒေကြမ်းကော်မတီမှ တင်သွင်းဖို့ ဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူမှ တင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်ပြင်ဆင်ချက် ၁၇၄ ချက်ရှိပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၉၀(ဃ)အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၁၇၄ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁ ဥပဒေရဲ့ခေါင်းစီးကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၁ မူလပုဒ်မ ၁ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဈ) ပုဒ်မခွဲငယ်(၂)၊ (၃)၊ ပုဒ်မ ၂ ပုဒ်မခွဲ(ဋ)၊(ဌ)၊ (ဍ) နှင့် (ဏ)၊ အခန်း(၂) ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ ပုဒ်မ ၇၊ အခန်း(၆) အခန်းရဲ့ခေါင်းစဉ်၊ ပုဒ်မ ၄၀ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဏ)၊ (တ)၊ ပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)၊ (စ)၊ (ဈ)၊ ပုဒ်မ ၄၄ ပုဒ်မခွဲ(က)၊ (ခ)၊ အခန်း(၇) အခန်းရဲ့ ခေါင်းစဉ်၊ ပုဒ်မ ၄၅ ပုဒ်မခွဲ(ခ)၊ (ဃ)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၂၁ အခန်း(၁၅) သို့ပြောင်းရွှေ့ခြင်းဖြစ်ပါတယ်။ ပုဒ်မ ၅၃၊ အခန်း(၈) အခန်းရဲ့ခေါင်းစဉ်၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၅၊ ပုဒ်မ ၅၆ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈ ပုဒ်မခွဲ(ဂ)နှင့်(ဃ)၊ ပုဒ်မ ၅၉ ပုဒ်မခွဲ(က)၊ (ခ)နှင့်(ဂ)၊ ပုဒ်မ ၆၀ မူလဥပဒေပုဒ်မ ၃၀ ပယ်ဖျက်ခြင်း ဖြစ်ပါသည်။ အခန်း(၉) အခန်းရဲ့ခေါင်းစဉ်၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ မူလပုဒ်မ ၃၄ ပယ်ဖျက်ခြင်း၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ ၏ ပုဒ်မခွဲ(ဂ)၊ အခန်း (၁၀) အခန်း၏ ခေါင်းစဉ်၊ ပုဒ်မ ၆၈၊ ပုဒ်မ ၆၉၊ ပုဒ်မ ၇၀၊ ပုဒ်မ ၇၁၊ ပုဒ်မ ၇၂၊ ပုဒ်မ ၇၃ မူလပုဒ်မ ၄၅ နှင့် ၄၆ အား အခန်း (၁၅)သို့ ပြောင်းရွှေ့ခြင်းနှင့် ပုဒ်မ ၇၅ ဖြစ်ပါတယ်။ အခန်း(၁၁) အခန်း၏ခေါင်းစဉ်၊ မူလပုဒ်မ ၄၈ ပယ်ဖျက်ခြင်း၊ ပုဒ်မ ၇၆၏ ပုဒ်မခွဲ(က)၊ ပုဒ်မ ၇၈၊ အခန်း(၁၂) အခန်း၏ခေါင်းစဉ်၊ ပုဒ်မ ၇၉၊ ပုဒ်မ ၈၀၊ ပုဒ်မ ၈၂ ပုဒ်မခွဲ(က)၊ ပုဒ်မ ၈၄၊ အခန်း (၁၃) အခန်း၏ခေါင်းစဉ်၊ ပုဒ်မ ၈၅ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၆၊ ပုဒ်မ ၈၇၊ ပုဒ်မ ၈၈ နှင့် ပုဒ်မ ၈၉၊ အခန်း(၁၄) အခန်း၏ခေါင်းစဉ်၊ ပုဒ်မ ၉၀၊ ပုဒ်မ ၉၁၊ ပုဒ်မ ၉၂၊ ပုဒ်မ ၉၃၊ ပုဒ်မ ၉၄၊ ပုဒ်မ ၉၅၊ အခန်း(၅) ခေါင်းစဉ်၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ အခန်း(၃) ခေါင်းစဉ်၊ ပုဒ်မ ၉ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ မူလပုဒ်မ ၇၂အား ပယ်ဖျက်ခြင်း၊ မူလပုဒ်မ ၇၃ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) အား ပယ်ဖျက်ခြင်း၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ) မူလပုဒ်မ ၇၃၏ ခြွင်းချက်နှင့် ရှင်းလင်းချက်ကို ပယ်ဖျက်ခြင်း၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ပုဒ်မခွဲ(က)၊ (ခ)၊

(ဃ)နှင့်(င)၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ မူလပုဒ်မ ၈၂ အားပယ်ဖျက်ခြင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ ပုဒ်မ ၂၃၊ အခန်း(၄) အခန်း၏ခေါင်းစဉ်၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)၊ (ဂ)၊ ပုဒ်မ ၃၆ ၏ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ အခန်း(၁၅) အခန်း၏ ခေါင်းစဉ် ပုဒ်မ ၉၆၊ ပုဒ်မ ၉၇၊ ပုဒ်မ ၉၈၊ အခန်း(၁၆) အခန်း၏ခေါင်းစဉ်၊ ပုဒ်မ ၉၉ မူလပုဒ်မ ၉၉ ပုဒ်မခွဲ(ခ)အား ပယ်ဖျက်ခြင်း၊ ပုဒ်မ ၁၀၀၊ ပုဒ်မ ၁၀၁ နှင့် ပုဒ်မ ၁၀၂၊ အခန်း(၁၇) အခန်း၏ခေါင်းစဉ်၊ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ပုဒ်မ ၁၀၅ နှင့် ပုဒ်မ ၁၀၆၊ အခန်း(၁၈) အခန်း၏ခေါင်းစဉ်၊ ပုဒ်မ ၁၀၈၊ ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၁၀၊ ပုဒ်မ ၁၁၂၊ ပုဒ်မ ၁၁၅၊ ပုဒ်မ ၁၁၈ နှင့် ပုဒ်မ ၁၂၀ တို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက် စုစုပေါင်း ၁၇၄ ချက်ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီကနေ အပတ်တကုတ်ကြိုးစားပြီးတော့ ပြင်ဆင်ထားတာတွေအားလုံးဟာ အလှပေါ်အယဉ်ဆင့်ဆိုသလိုပါပဲ ဥပဒေရဲ့ အနှစ်သာရကို ပိုမိုလေးနက်ပြီးတော့မှ ဥပဒေကို ပိုမိုရှင်းလင်းလွယ်ကူတိကျအောင် ပြုလုပ်ပေးတာဖြစ်တဲ့အတွက် ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေနဲ့ ခြွင်းချက်မရှိသဘောတူပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီလို အတင်းထောက်ခံတဲ့အတွက် ခုနက ဦးတင်ထွတ်ရဲ့အဆိုကို ဆရာကြီးဒေါက်တာမြအေးကလည်း အရမ်းကိုထောက်ခံတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်တွေကိုတောင် အတည်ပြုဖို့မမေးလိုက်ရပါဘူး။ ဒါကြောင့်မို့လို့ အခုပြန်ပြီးတော့ မေးပါမယ်ခင်ဗျား။ ဦးတင်ထွတ်၊ ဇလွန်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့ အခြေခံဥပဒေပညာရေးကဏ္ဍ မူလတန်းကျောင်းနှင့်စပ်လျဉ်းတဲ့အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွတ်ရဲ့ အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၁၈၅ ခုရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၁၇၄ ချက်။ တကယ်တမ်းကျ တော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုတွေမှာ ဒီဥပဒေအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အခြားပညာရှင်များ၊ အခြားစိတ်ဝင်စားသူများနှင့် အကြိမ်ကြိမ်အခါခါအထပ်ထပ် ဆွေးနွေးပြီးတော့ ဖြစ်ပေါ်လာတဲ့ကိစ္စကို ဥပဒေကြမ်းကော်မတီက မှတ်တမ်းတင်ပြီး လွှတ်တော်သို့တင်ပြခြင်း ဖြစ်ပါ တယ်။ ဒါကြောင့် အပတ်တကုတ်ကြိုးစားတယ်ဆိုတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီတစ်ခုတည်း မဟုတ်ပါဘူး။ ဝန်ကြီးဌာနကလည်းပါပါတယ်။ အခြားလွှတ်တော်ကိုယ်စားလှယ်တွေပါပါတယ်။ ပညာရှင်တွေလည်းပါပါတယ်။ ဒါကြောင့်မို့လို့ ဒီပြင်ဆင်ချက် ၁၇၄ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလား။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဝင်ပြောပိုင်ခွင့်မရှိဘူးဆိုတာ နားလည်ပါတယ်။ သို့သော်လည်း ဥပဒေကို အတည်ပြုပြီးတဲ့အခါမှာ ဒီဥပဒေအတည်ဖြစ်လာတဲ့အခါမှာ အမှားပါသွားတဲ့အခါကျရင် ဥပဒေကို အတည်ပြုပေးတဲ့ လွှတ်တော်ရဲ့ အမှားဖြစ်သွားပါမယ်။ အဲ့ဒီတစ်ချက်ကလေးကိုတော့ တင်ပြချင်ပါ တယ်။ ပြန်လည်စိစစ်သုံးသပ်ပြီးတော့ မှန်၊ မမှန်ဆုံးဖြတ်ပေးဖို့အတွက် တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်နဲ့ ဖော်ပြထားတဲ့ စာမျက်နှာ ၂၃ အပိုဒ် ၁၄၃ အခန်း(၁၃) အပိုဒ် ၈၄ (ဂ) ဖြစ်ပါတယ်။ ဒီမှာ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတာကတော့ အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း၊ ဥက္ကဋ္ဌမရှိသည့်အခါ ဥက္ကဋ္ဌကတာဝန် ပေးအပ်သည့် ဒါရိုက်တာအဖွဲ့ဝင် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတစ်ဦးဦးကလည်းကောင်း၊ ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများမရှိသည့်အခါ ဒါရိုက်တာအဖွဲ့ဝင်များကတင်မြှောက်သည့် ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဦးကလည်းကောင်း ဆောင်ရွက်ရမည်ဆိုတဲ့ အပိုဒ်ဖြစ်ပါတယ်။ ဒီနေရာမှာ ဒါရိုက်တာ

အဖွဲ့ကို ဖွဲ့စည်းထားတာ ၉ ဦးတည်းနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ ၃ ဦးနှင့် ပြင်ပမှခန့်အပ်တဲ့ ပညာရှင်များ ၅ ဦး၊ စုစုပေါင်း ၉ ဦးပဲ ဖြစ်ပါတယ်။ ဒီ ၉ ဦးထဲမှာမှ တစ်ခုခုကို ဆုံးဖြတ်မယ်ဆိုရင် ဒီအဖွဲ့ဝင်တွေဟာ အစည်းအဝေးလုပ်တဲ့အခါမှာလည်း ထက်ဝက်ကျော်ဦးရေ တက်ရောက်ရမယ်ဆိုရင် ၅ ယောက်တက်ရင် အစည်းအဝေး ဖြစ်ပါတယ်။ ဒီကြားထဲမှာမှ အများစုရဲ့ ဆန္ဒနဲ့ ဆုံးဖြတ်တဲ့အခါမှာလည်း ၅ ဦးထဲကမှ ၃ ဦးဆုံးဖြတ်ရင် ဒါဟာအတည်ဖြစ်တဲ့သဘော ရှိပါတယ်။ အဲ့ဒီအစည်းအဝေးကြီးမှာ ဒီအပိုဒ်မှာဖော်ပြထားသလို ဥက္ကဋ္ဌလည်းမရှိဘူး။ ဒုတိယဥက္ကဋ္ဌ ၃ ဦးစလုံးလည်းမရှိဘူးဆိုရင်ကျန်တဲ့ ပြင်ပကပညာရှင် ၅ ဦးနဲ့ အစည်းအဝေးလုပ်လိုက်ပြီး ဆုံးဖြတ်လိုက်တဲ့ဟာ အတည်ဖြစ်မယ်။ ဒါကိုအတည်လို့ယူဆနိုင်မလား။ အဲ့လိုစဉ်းစားမိတဲ့အတွက်ကြောင့် ဒီအပိုဒ်မှာတော့ဖြင့် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများမရှိသည့်အခါ ဒါရိုက်တာအဖွဲ့ဝင်များက တင်မြှောက်သည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးကလည်းကောင်း ဆောင်ရွက်ရမယ်ဆိုတဲ့ အပိုဒ်ကလေးကိုတော့ ဖြုတ်ချသင့်ပါတယ်လို့ တင်ပြလိုပါတယ်ခင်ဗျား။ ဒါလေးကို ဆွေးနွေးဆုံးဖြတ်ပေးပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး စာမျက်နှာနှင့် အမှတ်စဉ်ဖော်ပြပါ။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၂၃ အခန်း(၁၃) အပိုဒ် ၈၄(ဂ) စဉ်အမှတ် ၁၄၃ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါနှင့်ပတ်သက်လို့ အခုလိုရှင်းလင်းတင်ပြပေးတာကောင်းပါတယ်။ ဒါထူးခြားတဲ့ကိစ္စတစ်ရပ်အနေနဲ့ လက်ခံပြီးတော့ ဒီမှာပဲတစ်ခါတည်းဆွေးနွေးလိုက်ချင်ပါတယ်။ ဒါကြောင့် အခု ဦးဝင်းဦး တင်ပြတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနက ဒါကိုဘယ်လိုများ ပြင်ဆင်လိုလဲ။ ဆောင်ရွက်လိုလဲ။ သဘောထားပြောပါ။ စာမျက်နှာ ၂၃ အမှတ်စဉ် ၁၄၃။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းဦးရဲ့ တင်ပြချက်က အင်မတန်မှ စဉ်းစားသင့်တဲ့အချက်ဖြစ်ပါတယ်ခင်ဗျား။ ဒီမှာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ၃ ယောက်မရှိတဲ့အခါမှာ ကျန်တဲ့အဖွဲ့ဝင်နေရာမှာ သဘာပတိအဖြစ်ဆောင်ရွက်ပြီးတော့ လုပ်ရမယ်ဆိုတာ အစည်းအဝေးဖြစ်အောင်လုပ်တဲ့သဘောပါပဲ။ အစည်းအဝေးမှာတင်မယ့် ဆုံးဖြတ်ချက်တွေမှာတော့ နိုင်ငံတကာမှာတော့ Techincal စကားလေးသုံးခွင့်ပြုပါခင်ဗျား။ Procedure Model နှင့်

Substantive Model ဆိုပြီး နိုင်ငံတကာမှာ ခွဲပါတယ်။ Procedure Model ကတော့ လူတိုင်းသိတဲ့ အတိုင်းပါပဲ။ လုပ်ထုံးလုပ်နည်း လုပ်နေကျကိစ္စတွေဖြစ်ပါတယ်။ Substantive Model ကတော့ အရေးကြီးတဲ့အဆုံးအဖြတ်ဖြစ်ပါတယ်။ တချို့နိုင်ငံတွေရဲ့ဥပဒေမှာတော့ Procedure Model ဆိုလို့ ရှိရင် အဖွဲ့ဝင်နည်းနည်းပါးပါးနှင့်ဆုံးဖြတ်လို့ရတယ်။ သို့သော် Substantive Model အရေးကြီးတဲ့ ကိစ္စဆိုလို့ရှိရင်တော့ အဖွဲ့ဝင်အနည်းဆုံးဘယ်လောက်ရှိရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေ ပါပါတယ်။ ကျွန်တော်တို့ဥပဒေမှာတော့ အသေးစိတ်ပြဋ္ဌာန်းချက်တော့ မပါပါဘူး။ သို့သော်လည်းပဲ ဒီမှာပြောထားတဲ့အဓိပ္ပာယ်ကတော့ အစည်းအဝေးလုပ်ဖြစ်အောင်လုပ်တဲ့သဘောပါပဲ။ တကယ်တော့ ဥက္ကဋ္ဌလည်း မရှိဘူး။ ဒုတိယဥက္ကဋ္ဌ ၃ ယောက်လည်းမရှိဘူးဆိုရင်တော့ အစည်းအဝေးမလုပ်ဖို့ကတော့ များနေပါတယ်။ သို့သော် လုပ်ခဲ့သည်ရှိသော် အလုပ်ဖြစ်သွားအောင်ထည့်ထားတဲ့သဘောသာ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့တင်ပြရရင်တော့ ပြင်ဆင်စရာမလိုဘူးလို့ ထင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမဆုံးတင်ပြလိုတာကတော့ ဥပဒေကြမ်းများအတည်ပြုတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ အခွင့်အရေး အပြည့်အဝရရှိပြီး ဖြစ်ပါတယ်။ ဥပဒေကြမ်းတစ်ခုကို တင်သွင်းလာတဲ့အချိန်အခါမှာ ဥပဒေကြမ်းကော်မတီအနေနဲ့ သက်ဆိုင်တဲ့ ပညာရှင်တွေ၊ ကော်မတီများကို ခေါ်ပြီးတော့ အဆင့်ဆင့်စိစစ်ပါတယ်။ စိစစ်ပြီးတော့မှ ကျွန်တော်တို့ ပထမဆုံးအနေနဲ့ လွှတ်တော်ကို စစ်ဆေးတွေ့ရှိချက်ကို တင်ပြပါတယ်။ တင်ပြချက်အပေါ်မှာ အခြေခံပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဆွေးနွေးခွင့်၊ ပြင်ဆင်ခွင့်ပေးထားပြီး ဖြစ်ပါတယ်။ အဲ့ဒီလို ဆွေးနွေးခွင့် ပြင်ဆင်ချက်ပေးထားတဲ့အပေါ်မှာမှ ထပ်မံစိစစ်ပြီးတော့ အတည်ပြုနိုင်ဖို့အဆင့်ထိ ရောက်အောင် အကြိမ်ကြိမ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီအချက်မှာလည်း အစည်းအဝေးမှာ သေသေချာချာစဉ်းစားပြီးလည်း ဖြစ်ပါတယ်။ အဲ့ဒီစာမျက်နှာရဲ့ အောက်အပိုဒ်မှာ ဆုံးဖြတ်ချက်မှာ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များကို တက်ရောက်သော ဒါရိုက်တာအဖွဲ့ဝင် အများစုရဲ့ဆန္ဒမဲဖြင့် ချမှတ်ရမည်စတဲ့စိုးရိမ်တဲ့အချက်များကိုလည်း ကာကွယ်နိုင်ဖို့အချက်များလည်း ပြည့်ပြည့်စုံစုံပါပြီး ဖြစ်ပါတယ်။ ဒီဆောင်ရွက်ထားတဲ့အချက်များဟာ တင်ပြရရင်တော့ တစ်ဖက်လွှတ်တော်က ကိုယ်စားလှယ်များလည်း လာတက်ကြတယ်။ ပညာရှင်များလည်း တက်ကြတယ်။ လက်တွေ့

အကောင်အထည်ဖော်မယ့် ဗဟိုဘဏ်မှပုဂ္ဂိုလ်များလည်း တက်ရောက်ပြီးတော့ ဆုံးဖြတ်ထားတဲ့ အချက်ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီလိုအတည်ပြုတဲ့အချိန်မှာမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒီလိုတင်ပြလို့ ဒီအတည်ပြုမယ့်လုပ်ငန်းကို စဉ်းစားမယ်ဆိုရင် နောင်မှာ အစဉ်အလာဖြစ်သွားပြီးတော့ ဥပဒေပြုရေးအတွက် အခက်အခဲဖြစ်နိုင်ကြောင်း တင်ပြလိုပါတယ်။ မလိုအပ်ဘူးလို့လည်း ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို တင်ပြလိုပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါက ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပါ။ ခုန ဥပဒေကြမ်းကော်မတီက ပြောသွားတာလည်းမှန်ပါတယ်။ ဒီလိုပြင်ဆင်အဆိုပြုချက်ပေးဖို့ အခွင့်အရေးတွေလည်းပေးထား တယ်။ အဲဒီတုန်းက မတင်ပြဘူး။ အခုမှပဲတင်ပြတယ်။ ဒါကြောင့်မို့လို့ ဒါနှင့်ပတ်သက်လို့ ဒါကိုခွင့်ပြု လိုက်မယ်ဆိုရင် အစဉ်အလာဖြစ်မယ်ဆိုတဲ့ကိစ္စကတော့ လုပ်ငန်းရဲ့ ပရိုစီဂျာသဘောအရ ဖြစ်ပါတယ်။ သို့ရာတွင် အနှစ်သာရကတော့ ဥပဒေကောင်းတစ်ခုဖြစ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဦးဝင်းဦး တင်ပြတယ်။ ဒေါက်တာမောင်မောင်သိမ်းတို့ဘက်ကလည်း ပြန်ပြီးတော့ပြောကြားတယ်။ နှစ်ခုလုံး ကတော့ မှန်သလိုရှိပါတယ်။ သို့ရာတွင် ဒါကို ဥပဒေဖြစ်တဲ့အတွက် တိကျအောင်လုပ်ဖို့လည်း လိုပါ တယ်။ တိကျအောင်လုပ်ဖို့လိုတယ်ဆိုရင် ခုနက ဒီထဲမှာထည့်လို့ရမလား၊ မရလား။ ဒီအစည်းအဝေး ကို ပရိုစီဂျာအရ လုပ်ရမယ်လို့ဆိုတဲ့စာသားထည့်လိုက်မယ်ဆိုရင် ဒါရမလား၊ မရဘူးလား။ သို့မဟုတ် လို့ရှိရင် နည်းဥပဒေကျတဲ့အခါကျလို့ရှိရင် ဒီအစည်းအဝေးလုပ်တဲ့အခါမှာ ခုနက အရေးကြီးတဲ့ ကိစ္စရပ်များ အစည်းအဝေးဆိုလို့ရှိရင် ဘဏ်ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌပါမှ လုပ်ရမယ်ဆိုတဲ့ဟာ ကို နည်းဥပဒေမှာထည့်ရင်ရမလား။ ဒါလေးပြန်စဉ်းစားပြီးတဲ့အခါမှာ ဒီလွှတ်တော်ကပဲ ဆုံးဖြတ် ပေးစေချင်ပါတယ်။ ပြောချင်တာကတော့ ခုနက အချိန်တွေလုံလောက်အောင် ပေးထားသော်လည်း ပြင်ဆင်ချက် အဆိုမရှိဘူး။ အခုမှ လွှတ်တော်ထဲမှာလာပြီးတော့ ပြောနေခြင်းကို ခွင့်ပြုမယ်ဆိုရင် အစဉ်အလာဖြစ် သွားပြီးတဲ့အခါမှာ မကောင်းပါဘူး။ မပြုသင့်ပါဘူးဆိုတဲ့ဟာကတော့ ပရိုစီဂျာ သဘောအရတော့ လွှတ်တော်ဥက္ကဋ္ဌလက်ခံတယ်။ သို့ရာတွင် ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှု ကျတော့ လွှတ်တော် ဥက္ကဋ္ဌ လက်မခံဘူး။ အရေးကြီးတာက ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှု ကောင်းဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှု ကောင်းအောင်ခုနက သက်ဆိုင်ရာဝန်ကြီးဌာနက ထပ်မံပြီးတော့ ပြင်ဆင်ပြောဆိုပေးပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော်တင်ပြသွားတဲ့ အချက်နှင့် ဥက္ကဋ္ဌကြီးပြောတဲ့

အချက်ပါ။ Procedure Model ကိုပဲ ဒီလို ဥက္ကဋ္ဌရော၊ ဒုတိယဥက္ကဋ္ဌမရှိတဲ့အချိန်မှာ ထိုင်ဖို့ဆိုပြီး ပြဋ္ဌာန်းချက်ကလေးတစ်ခုထပ်ထည့်လိုက်မယ်ဆိုရင်တော့ ဦးဝင်းဦးရဲ့အဆိုရော၊ ဥက္ကဋ္ဌကြီးနှင့် ဌာနရဲ့ အဆိုလည်းပဲ ကာမိသွားမယ်ထင်ပါတယ်ခင်ဗျား။ Procedure မှာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ၃ယောက် စလုံးအဖွဲ့ဝင်ဆုံတော့မှပဲ အရေးကြီးကိစ္စတွေချမှတ်ပါမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ကလေးတစ်ခုထည့်လိုက် ရင်ဒီကိစ္စ ပြေလည်သွားမယ်ထင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲအဲ့ဒီလိုဆိုရင် အခုရှိတာကို ကျွန်တော်တို့ ဆက်သွားပါမယ်။ ဒီဟာကို ခဏ ထားပြီးတဲ့အခါမှာ ဦးမောင်မောင်သိမ်းရေးထားကြည့်ပါ။ ရေးထားပြီးတဲ့အခါမှာ ခုနက ပြီးသွားလို့ရှိရင် ပြန်တင်ပြပါ။ ပြီးတဲ့အခါမှာ လွှတ်တော်က လက်ခံနိုင်မယ်ဆိုရင် ဒီအထဲမှာ ထည့်လိုက် ပါမယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့လည်း တင်ပြစရာကိစ္စရှိပါတယ်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့နေရာမှာ အဲဒီဥပဒေတစ်ခုတည်းနဲ့ အကောင် အထည်ဖော်လို့မရပါဘူး။ ဥပဒေတိုင်း မှာ Process of Law in Limitation ဆိုတာရှိပါတယ်။ ဥပဒေအရအဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုတာရှိပါတယ်။ ကျွန်တော်တို့ ဒီဥပဒေ မှာလည်း ပုဒ်မ ၁၁၆ နောက်ဆုံးပုဒ်မမှာ လုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်လို့ ပြဋ္ဌာန်းထားပေးပါတယ်။ စောစောတုန်း က အစည်းအဝေးကိစ္စတွေမှာ ဘယ်လိုအရေးကြီးရင် ဘယ်လိုအကောင်အထည်ဖော်မယ်ဆိုတာ အဲဒီလုပ်ထုံးလုပ်နည်း၊ နည်းဥပဒေတွေမှာပါလာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်အခုဒီလိုထည့်သွင်း ထားခြင်းဟာ ပယ်ဖျက်စရာလည်းမလိုပါဘူးခင်ဗျား။ အဲ့ဒါကို ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ တကယ့်တကယ်ကျတော့ ဒီဥစ္စာက Operation အပိုင်းနှင့်ဆိုင်ပါတယ်။ ဥပဒေပြုတဲ့အခါမှာ Operation အပိုင်းနဲ့ဆိုင်တဲ့ကိစ္စကို နည်းနည်းထည့်ပြီးတော့ စဉ်းစားဖို့ပြောတာပါ။ တကယ့်တကယ်ကျတော့ ကျွန်မကတော့ ပြင်ရန်မလို ဘူးလို့ ထင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဥပဒေပြီးလို့ရှိရင်လာမှာက နည်းဥပဒေလာပါလိမ့်မယ်။ ကျွန်တော်တို့လက်ခံထားတာက ကျန်တဲ့ ထွက်ပေါ်လာတဲ့ ဥပဒေတို့၊ နည်းဥပဒေတို့၊ လုပ်ထုံးလုပ်နည်းတို့၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေဟာ မူလဥပဒေကို လွှမ်းမိုးမှုမရှိရ။ ဆန့်ကျင်မှုမရှိရဆိုတာလည်းပါတဲ့အတွက် ဒီမူလဥပဒေထဲမှာ ဒီလိုလုပ်ပိုင်ခွင့်ပေးထားတယ်ဆိုရင် နောက်နည်းဥပဒေကျတဲ့အခါကျတော့ မူလဥပဒေမှာ ဒီလိုရှိပါတယ်ဆိုတဲ့ဟာလည်း ထောက်ထားပြီးပြောမယ်ဆိုရင်ကော ပြဿနာများ မရှုပ်ထွေးနိုင်ဘူးလား။ ဒီနေရာမှာ ကျွန်တော်တို့က သိပ်ပြီးတော့ စဉ်းစားမယ်ဆိုလို့ရှိရင် နောက် ဆက်ကာဆက်ကာလုပ်ရမယ့် ဆင့်ပွားဥပဒေတွေမှာ အခက်အခဲလည်း ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ရဲ့အယူအဆတစ်ခုတည်းကို ပြီးတဲ့အခါမှာ ကျန်တဲ့ Procedure တစ်ခုတည်းကို အဓိကမစဉ်းစားဘဲနှင့် နောင်ဖြစ်လာမယ့်ကိစ္စအတွက်ပါ စဉ်းစားပြီးဆောင်ရွက်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကျွန်တော် ပြောတဲ့ အတိုင်းပဲ ဒါကို ခဏ Drop လုပ်မယ်။ ဝန်ကြီးဌာန ရေးကြည့်ပါ။ ရေးကြည့်ပြီးတဲ့အခါမှာ လွှတ်တော်ကို ပြန်တင်ပြကြည့်ပါ။ လွှတ်တော်ကိုတင်ပြတဲ့အခါမှာ လွှတ်တော်ရဲ့ အတည်ပြုချက်ကို ဆက်လက် ဆောင်ရွက်သွားပါမယ်။ ကဲတိုးထုလိုက်ဦးမယ်။ တိုးထုတာက Order။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ်က ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၈ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ) အပိုဒ်ခွဲငယ်(၁) မူလပြဋ္ဌာန်းချက်မှာ နိုင်ငံခြားသုံးငွေစက္ကူနှင့် ဒင်္ဂါးများလို့ပြဋ္ဌာန်းထားပါတယ်။ ၎င်းပြဋ္ဌာန်းချက်အစား ကျွန်တော့်အနေနဲ့ နိုင်ငံခြားငွေ၊ ငွေသားလို့ပြုပြင်ပေးရန်အဆိုပြုပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ နိုင်ငံခြားသုံးငွေစက္ကူနှင့် ဒင်္ဂါးများဆိုတဲ့စကားစုဟာ ၎င်းအစားပိုမိုကျစ်လျစ်တဲ့စကားစုနဲ့ သုံးစွဲစေလိုတဲ့သဘောဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ နိုင်ငံခြားငွေ၊ ငွေသားဆိုတဲ့စကားစုနဲ့ပြောင်းလဲပေးဖို့ အဆိုတင်သွင်းတာဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီး ဦးသန်းမြင့်ရဲ့အဆိုဟာ ကန့်ကွက်စရာမရှိပါဘူးခင်ဗျား။ ပိုမိုရှင်းလင်းတိကျသွားအောင် အကြံပေးတယ်ဆိုတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်ထောင်စုအစိုးရက သဘောတူတယ်။

**ဒေါက်တာမောင်မောင်သိန်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ သဘော တူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်နှင့်ပတ်သက်ပြီး တော့ ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာ စိုင်းကျော်အုန်း ပြင်ဆင်အဆိုပြုချက်များတင်သွင်းဖို့ ဖိတ်ခေါ်ပါ တယ်။

**ဒေါက်တာ စိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာကြပါစေ။ ကျွန်တော်ကတော့ အမှတ်စဉ် ၁၅ အခန်း(၁) အပိုဒ် ၄ ကို ပြင်ဆင်အဆိုပြုသွားမှာဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်မှာ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေဘဏ်ခွဲများနှင့် ယင်း၏ဆိုတဲ့စကားရပ်ကိုပဲ ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ဖြည့်စွက်ထားရခြင်းအကြောင်းကတော့ ပိုမိုရှင်းလင်းတိကျစေဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် တင်ပြပါတယ်ခင်ဗျား။ ဆက်လက်ပြီးတော့ အမှတ်စဉ် ၁၆ အခန်း(၁)ပါပဲ။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ ။

**ဒေါက်တာ စိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၃ အပိုဒ် ၅ မှာ ဗဟိုဘဏ်ရဲ့ အဓိကရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်သည်ဆိုပြီးတော့ ပြင်ဆင်အဆိုပြုထားခြင်းဖြစ်ပါတယ်။ မြန်မာကျပ်ငွေတန်ဖိုးခိုင်မြဲစေရန်ဆိုတဲ့စကားရပ်ကို ဖြုတ်ထားရ ခြင်းဖြစ်ပါတယ်။ ဖြုတ်ထားရခြင်းအကြောင်းကတော့ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရှိလို့ရှိရင် မြန်မာ ကျပ်ငွေတန်ဖိုးလည်း အလိုလိုနေရင်းနဲ့ခိုင်မြဲနေမှာဖြစ်တဲ့အတွက်ကြောင့် ဖြုတ်ထားရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ရဲ့အဆိုပြုချက်ကို အတည်ပြုပေးပါရန်တင်ပြပါတယ်။ ဆက်လက်ပြီးတော့ အမှတ်စဉ် ၇၂။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၃ ။

**ဒေါက်တာ စိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၁၃ အခန်း(၆) အပိုဒ် ၃၈(က) ပြင်ဆင်အဆိုပြုချက်မှာ ဗဟိုဘဏ်သည်မိမိထုတ်ဝေထားတဲ့ တရားဝင်သုံးစွဲလျက်ရှိသော

ငွေကြေးများကို လက်ဝယ်ထားရှိသူများကလဲလှယ်ပေးရန်တောင်းခံပါက တန်ဖိုးအလိုက်လဲလှယ်ပေးရမည်ဆိုပြီးတော့ ပြင်ဆင်အဆိုပြုထားခြင်းဖြစ်ပါတယ်။

နောက်အမှတ်စဉ် ၇၃ အခန်း(၆) အပိုဒ် ၃၈(ခ)မှာ ဘဏ်များသည်တရားဝင်သုံးစွဲလျက်ရှိသော ငွေစက္ကူနှင့် ဒင်္ဂါးများကို အခြားတန်ဖိုးအမျိုးအစားဖြစ်သော တရားဝင်ငွေစက္ကူ သို့မဟုတ် ဒင်္ဂါးများဖြင့်လဲလှယ်ပေးရန်တောင်းဆိုသည့်အခါ အခမဲ့လဲလှယ်ပေးရမည်ဆိုပြီးတော့ ပြင်ဆင်အဆိုပြုထားခြင်းဖြစ်ပါတယ်။ ဘဏ်များသည်ဆိုတဲ့စကားရပ်ကို ရှေ့မှာပြောင်းလဲပြီးတော့ ထည့်ထားခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့အဆိုတင်ပြချက်ကို အတည်ပြုပေးပါရန်တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ စာမျက်နှာ ၁၇ အမှတ်စဉ် ၁၀၃ အခန်း(၁၁) အပိုဒ် ၉၁ (က) ပြင်ဆင်အဆိုပြုချက်ကတော့ ချေးငွေအတွက်စည်းကမ်းချက်များကို ဝန်ကြီးဌာနနှင့် ဗဟိုဘဏ်တို့က အခါအားလျော်စွာညှိနှိုင်းသတ်မှတ်ပေးရမည်။ ကျွန်တော့်အနေနဲ့ သဒ္ဒါနည်းကျစေရန် ကဆိုတဲ့စကားလုံးထည့်ပေးထားခြင်းဖြစ်တဲ့အတွက်ကြောင့် အတည်ပြုပေးပါရန်တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ အမှတ်စဉ် ၁၅၁ အခန်း(၁၄) စာမျက်နှာ ၂၀ အပိုဒ် ၈၉။

**ဥက္ကဋ္ဌ** ။ ။ အခန်း(၁၄) ပုဒ်မ ၉၁ ဖြစ်မယ်။ အခန်း(၃) ပုဒ်မ ၁၀ အပိုဒ်ခွဲ(ဂ) မှန်သလား။ ဒေါက်တာ စိုင်းကျော်အုန်း စာမျက်နှာပြန်ပြောပေး။

**ဒေါက်တာ စိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၂၀ ဥက္ကဋ္ဌကြီး အမှတ်စဉ် ၁၂၂။

**ဥက္ကဋ္ဌ** ။ ။ ၁၂၂ တွေ့ပါပြီ။

**ဒေါက်တာ စိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်ကတော့ ဘဏ်တစ်ခုခု သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ဝန်ထမ်းများ၊ ဒါရိုက်တာများယင်းအဖွဲ့အစည်းများတွင် ၅ ရာခိုင်နှုန်းထက်ပိုသော အကျိုးခံစားခွင့်ပိုင်ဆိုင်သည့် အဓိကအစုရှယ်ယာပိုင်ရှင်များလို့ပြင်ဆင်ထားတာရှိပါတယ်။ ကျွန်တော်ပြင်ဆင်ထားတာက မူလအဆိုပြုချက်မှာ တစ်ခုပဲ ရေးထားတဲ့အတွက်ကြောင့် ကျွန်တော်တစ်ခုခုဆိုပြီးတော့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ မြန်မာသဒ္ဒါရေးထုံးပိုမိုမှန်ကန်စေရန်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အားအတည်ပြုပေးရန် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၅၁။

**ဒေါက်တာ စိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ ဆက်လက်ပြီးတော့ စာမျက်နှာ ၂၄ အမှတ်စဉ် ၁၅၁ အခန်း(၁၄) အပိုဒ် ၈၉ မှာ ကျွန်တော်ပြင်ဆင်အဆိုပြုထားတာက ကိန်းဂဏန်းအစား မြန်မာစာစာလုံးတစ်ရာဆိုတဲ့ စာလုံးနဲ့ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ပြင်ဆင်ထားရခြင်းအကြောင်းက တော့ ဒီအပိုဒ်ရဲ့စာကြောင်းရေ ၅ မှာ လေးဆယ်ဆိုတဲ့စာလုံးရေးထားပါတယ်။ ဒီဟာနဲ့ ညီညွတ်မှုရှိ စေရန် ကိန်းဂဏန်း ၁၀၀ အစား မြန်မာစာလုံးတစ်ရာနဲ့ရေးထားရခြင်းဖြစ်ပါတယ်။ သုံးစွဲထားခြင်း အကြောင်းကတော့ ဥပဒေရေးထုံးများနဲ့ညီညွတ်မှုရှိစေရန်နှင့် ရှေ့နောက်ညီညွတ်မှုရှိစေရန်ဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ပြင်ဆင်အဆိုပြုထားချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းကျော်အုန်းပြင်ဆင်သွားတဲ့ ပြင်ဆင် အဆိုပြုသွားတဲ့အကြောင်းအရာများနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထား ပြောပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်း မဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းကျော်အုန်းရဲ့ပြင်ဆင်ချက်များဟာ ဥပဒေကိုပိုမိုရှင်းလင်းသွားအောင် ဥပဒေရေးထုံး၊ မြန်မာစာရေးထုံးတို့နဲ့အညီပြုပြင်ပေးတာဖြစ်တဲ့အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနအနေနဲ့ သဘောတူပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာ စိုင်းကျော်အုန်းရဲ့ပြင်ဆင်ချက်အဆိုအား ကန့်ကွက်လိုသူရှိပါ သလား။ ကန့်ကွက်လိုသူမရှိတဲ့အတွက် ဒေါက်တာ စိုင်းကျော်အုန်းရဲ့တင်ပြတဲ့ပြင်ဆင်အဆိုပြုချက်များ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ကျွန်မက ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ် ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မရဲ့ဆရာ ဆရာဦးမောင်မောင်သိမ်းကို အများကြီး ရိုသေလေးစားပါတယ်။ ဒါပေမယ့် ကျွန်မနည်းနည်းလေး ရှည်ခွင့်ပြုပါဦး ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မြန်မာပြည်မှာ ဗဟိုဘဏ်အကြောင်းလေး နည်းနည်းပြောမှ ဒီဥပဒေကို Operation ဘယ်လိုလုပ်ရသလဲဆိုတာ သဘောပေါက်မယ်လို့ ယူဆလို့ ကျွန်မနည်းနည်းလေး ထပ်ပြောချင်တာပါ။ အဲဒီတော့ ကျွန်မတစ်ခါပြောခဲ့ဖူးပါတယ်။ ဗဟိုဘဏ်ဆိုတာ တိုင်းပြည်ရဲ့ ဦးနှောက်ဖြစ်ပါတယ်။

အဲဒီတော့ တိုင်းပြည်ရဲ့ ဦးနှောက်ဖြစ်တဲ့ ဗဟိုဘဏ်ကိစ္စက အလွယ်တကူ ဆုံးဖြတ်လုပ်ကိုင်ကြလို့ မရပါဘူး။ တိုင်းပြည်ရဲ့ စီးပွားရေးတစ်ခုလုံးရဲ့ အဓိကက Fiscal Policy နဲ့ Monetary Policy ပေါ်မှာတည်ပါတယ်။ Monetary Policy မှာလည်း ငွေကြေးနဲ့ ဘဏ်လုပ်ငန်းဆိုပြီး ခွဲတဲ့အခါမှာ ဗဟိုဘဏ်က အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒါကြောင့် တိုင်းပြည်မှာ ဦးနှောက်သည် ဗဟိုဘဏ်လို့ ကျွန်မက တစ်ခါပြောဖူးပါတယ်။ အဲဒီတော့ အခု ဗဟိုဘဏ်ဆိုတဲ့ဟာသည် တိုင်းပြည်ရဲ့ ဦးနှောက် ဆိုတာထက် ဒီမှာပြောထားတာကျတော့ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိရန်နှင့် ထိန်းသိမ်းရန်ဖြစ်ပါသည်ဆိုပြီးတော့ ဗဟိုဘဏ်၏ ရည်ရွယ်ချက်ကို ပြောပါတယ်။ အဲ့ဒီမှာတုန်းကလည်း ကျွန်မက ဘာထည့်ချင်လဲဆိုတော့ ဗဟိုဘဏ်ရဲ့ အဓိကကိစ္စသည် Monetary Policy ချမှတ်ရန်ဖြစ်ကြောင်း ဆိုပြီးတော့ ကျွန်မက ထည့်ချင်သေးတာပါ။ ဒါပေမယ့်သူက ဒီရည်ရွယ်ချက်ကြောင့် ဒီဟာမပါဘူး ဆိုတော့ ကျွန်မလည်း သဘောမတူချင်သော်လည်းပဲ လက်ခံလိုက်ပါတယ်။ အဲဒီတော့ ဗဟိုဘဏ်ရဲ့ လုပ်ငန်းနဲ့ တာဝန်တွေကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဗဟိုဘဏ်ဟာ သီးခြား Legal Entity ရှိတဲ့ သီးခြားအဖွဲ့တစ်ခုဖြစ်ရမှာပါ။ အဲဒီတော့ ကျွန်မတို့ မြန်မာပြည်မှာ ဗဟိုဘဏ်နဲ့ပတ်သက်လို့ နည်းနည်းလေး ရှင်းပြရမယ်ဆိုလို့ရှိရင် လွတ်လပ်ရေးပြီးကာစက ဗဟိုဘဏ်နဲ့ပတ်သက်တဲ့ Monetary Board ဆိုတာရှိပါတယ်။ အဲဒီမှာ ဝန်ကြီးချုပ်ဦးနုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တာပါ။ အဲဒီတုန်းက ကျွန်မတို့ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးဖြစ်ခဲ့တဲ့ ကျွန်မတို့ မြန်မာပြည်က အရှေ့တောင်အာရှမှာ နိုင်ငံခြားသားအများဆုံးငှားနိုင်တဲ့ တိုင်းပြည်ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက Expert အဖြစ် Bank of England ကနေပြီးတော့ ဒေါက်တာဆွန်ဘတ်ကို Chief Economics ဆိုပြီးတော့ ရာထူးပေးပြီးတော့ ခိုင်းခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်မတို့ အရှေ့တောင်အာရှမှာ ဒီလိုနိုင်ငံခြားသား ငှားရမ်းလုပ်ခဲ့တဲ့အထဲမှာ ကျွန်မတို့ မြန်မာပြည်မှာအများဆုံးငှားရမ်း လုပ်ကိုင်နိုင်ခဲ့တာပါ။ နောက်တစ်ခါပြောရမယ်ဆိုရင် ငွေကြေးပေါ်လစီနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့ တိုင်းပြည်တစ်ခုတည်း ဗမာငွေရော၊ ဒေါ်လာရော၊ FEC ရော သုံးနေတာပါ။ ဒီလိုငွေကြေးသုံးမျိုး သုံးတဲ့ တိုင်းပြည်ဘယ်မှာမှ မရှိပါဘူး။ အဲဒီတော့ ဒီ FEC ကိစ္စပြောရမယ်ဆိုရင်လည်း ကျွန်မရဲ့ဆရာ Esteemed Professor ကို လေးစားပါတယ်။ FEC က AFTA နဲ့ AEC တို့ရောက်လာတော့မယ်။ မဖျက်သေးဘူးလား အခုထက်ထိလို့ ကျွန်မမေးဖူးပါတယ်။ အဲဒီတော့ FEC က AFTA နဲ့ AEC မရောက်ခင် ဖျက်သိမ်းပြီးသားတတ်နိုင်သမျှ နေ့နေ့ညညအမြန်ဆုံးလုပ်ရမယ့် ဖျက်သိမ်းဖို့ကိစ္စဖြစ်ပါတယ်။ နောက်ထပ်နည်းနည်း လေးပြောရမယ်ဆိုရင် ကျွန်မတို့ ငွေစက္ကူတွေကြည့်လိုက်ပါ။ ဘယ်သူက

အာမခံထားတာလဲ။ ဘယ်သူမှ အာမမခံထားဘူး။ အရင်တုန်းက ငွေစက္ကူတွေ မြင်တဲ့လူတွေသိမှာပါ။ စံလင်း၊ မောင်ကောင်းတို့ ရေးထားတာပါ။ အဲဒီ မောင်ကောင်းဆိုတာက ပညာမင်းကြီး ဦးကောင်း၊ ဆရာဦးသော်ကောင်း အဖေ ဦးကောင်းဖြစ်ပါတယ်။ ပညာမင်းကြီးသော်လည်းပဲ သူသည် အာမခံကြောင်း ငွေစက္ကူတွေမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ တစ်ခါစံလင်းဆိုတာလည်း မယ်မယ်ရရ မဟုတ်ပါဘူး။ အဲဒီအချိန်က IMF က ကျွန်မတို့ မြန်မာပြည်သည် အရှေ့တောင်အာရှမှာ အကောင်းဆုံး ဗဟိုဘဏ် ဥက္ကဋ္ဌတစ်ယောက် ပေါ်ပေါက်လာတယ်လို့ ချီးကျူးခံခဲ့ရတာပါ။ အဲဒီလို မြန်မာပြည်ဖြစ်ခဲ့ပါတယ်။ ဦးစံလင်းက ကမ္ဘာပေါ်မှာ အချီးကျူးခံခဲ့ရသူဖြစ်ခဲ့ပါတယ်။ အဲဒီအခါ ကျွန်မတို့ မြန်မာလူမျိုးအနေနဲ့ ဂုဏ်ယူစရာအမှတ်တရဖြစ်ခဲ့တဲ့ ဗဟိုဘဏ် က အဲဒီအချိန်တုန်းက ဘာတွေလုပ်ခဲ့တာလဲဆိုရင် ဦးစံလင်းက Bank Reserve တွေ၊ Gold Reserve တွေ၊ နောက်တစ်ခါ Inflation ကိစ္စတွေကို ထိန်းနိုင်ခဲ့တာပါ။ Bulletin, Report တွေ ထုတ်ဝေပါတယ်။ အဲဒီတော့ ကျွန်မတို့ ပြန်ကြည့်မယ်ဆိုရင်လည်း တရုတ်ပြည်ဘာလို့တိုးတက်သလဲ။ အဲဒါက ဂျာမနီကဆို ကမ္ဘာပေါ်မှာ အတော်ဆုံးဘဏ် ဖြစ်ခဲ့တယ်။ အဲဒီက Expert တွေငှားပြီးတော့ တရုတ်ပြည်ကလုပ်ပြီးတော့ တိုးတက်ခဲ့တာပါ။ နောက်တစ်ခုကလည်း ကျွန်မတို့ လောလောဆယ်ကြည့်လိုက်မယ်ဆိုရင် Monetary Economics ကျွန်မတို့ မြန်မာပြည်မှာမရှိပါဘူး။ ခုနတုန်းက ပြဿနာဆိုရင် Monetary Economics က ဆောင်ရွက်နိုင်ရမယ်။ နောက်တစ်ခုက Influential ဖြစ်တဲ့ ပုဂ္ဂိုလ်လည်း တော်တော်ရှားပါတယ်။ အဲဒီတော့ ရှေ့လျှောက်တစ်ခါ Financial Institution Law တွေပေါ်လာ မယ်။ အခု အများပိုင်ကုမ္ပဏီတွေ လုပ်နေပါပြီ။ အဲဒီတော့ Capital Market တွေ၊ Financial Market တွေပေါ်လာရင် ဘယ်လိုစီမံခန့်ခွဲကြမလဲဆိုတဲ့ ပြဿနာတွေ ထပ်ပေါ်ဦးမှာပါ။ AEC ၊ AFTA လာရင်လည်း အဲဒီပြဿနာတွေထပ်ပေါ်ဦးမှာပါ။ အဲဒီတော့ ကျွန်မပြင်တဲ့အပိုင်းလေး နည်းနည်းပြောမှာပါ။ စာမျက်နှာ ၆ အခန်း(၆) အပိုဒ်က သူက (က)ကနေပြီးတော့ (ဈ)အထိ ထည့်တယ်။ အဲဒီ (ဈ)ကို သူက ဖျက်လိုက်တာပါ။ အဲဒီတော့ (ဈ)ကို အစားဘာထည့်ချင်လဲဆိုလို့ရှိရင် ငွေကြေးပမာဏကို လိုအပ်သလို ထိန်းချုပ်နိုင်ရန် ဗဟိုဘဏ်၏ အတိုးနှုန်းကို အခါအားလျော်စွာ ပြုပြင်သတ်မှတ်ခြင်းလို့ ထည့်ချင်ပါတယ်။ အဲဒီတော့ ထည့်ချင်ရတဲ့ အကြောင်းအရင်း ပြောရင်နည်းနည်းလေးတော့ ရှည်သွားမှာပါ။ ထမင်းစားဖို့ နောက်ကျနေတဲ့အတွက်ကြောင့် နည်းနည်းလေးတော့ ချုံ့ပြီးပြောပါမယ်။ ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက် ခုနက ကျွန်မပြောသလို ပြောပါ့မယ်။ အဲဒီမှာ ဘာပါသလဲဆိုလို့ရှိရင် သူတို့ အခုပြောထားတဲ့အတိုင်းဆိုရင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုဆိုပြီးတော့ ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက်ကို ပြောတယ်။ ကျွန်မသဘော

မတူဘဲ တူလိုက်ရတယ်ဆိုတာ။ အဲဒီတော့ ပြည်တွင်းဈေးနှုန်းတည်ငြိမ်ဖို့အတွက်ကို ဘဏ်ရဲ့ Operation နဲ့ ပြောမှ နားလည်မှာပါ။ အဲဒီတော့ ဘဏ်တွေကဆိုရင် ဒီငွေကြေးပမာဏ Money in Circulation ကို ထိန်းဖို့အတွက် ဘာလုပ်ရသလဲဆိုတော့ သွယ်ဝိုက်ပြီး ထိန်းရတယ်။ သွယ်ဝိုက်ထိန်းတဲ့အခါကျတော့ လက်အောက်ဘဏ်တွေကို ဘယ်လိုထိန်းသလဲ ဗဟိုဘဏ်က လက်အောက်ဘဏ်တွေကိုပါ ထိန်းသိမ်းရတဲ့ အဓိကတာဝန်ထမ်းဆောင်တာပါ။ အဲဒီတော့ ဗဟိုဘဏ်ကအတိုးနှုန်းကို ပြောင်းမယ်ဆိုလို့ရှိရင် Money in Circulation များတယ်ဆိုရင် ဗဟိုဟာ သူ့အတိုးနှုန်းကို တိုးလိုက်မှာပါ။ တိုးလိုက်တဲ့အခါကျတော့လည်းပဲ ဒါမှမဟုတ် အစိုးရက သူ့ရဲ့ Bond တွေ၊ စာချုပ်တွေ ထုတ်ရောင်းမှာပါ။ အဲဒီအခါကျတော့ အတိုးနှုန်းလည်း တိုးမယ်ဆိုရင် ငွေထုတ်ပိုက်ထားတဲ့ လူတွေက အတိုးများများရတယ်ဆိုရင် ဘဏ်ကိုလာပြီးတော့မှ ပိုက်ဆံထားကြမှာပါ။ Money in Circulation လျော့အောင် လုပ်နိုင်တာပါ။ အဲဒီတော့ ပိုပြီးရှင်းအောင် နောက်တစ်ခု ပြောရမယ်ဆိုရင် ဘဏ်မှာ Reserve Ratio ရှိပါတယ်။ ဗဟိုဘဏ်က Reserve Ratio ကို သတ်မှတ်ပါတယ်။ ဥပမာ ၃၅ ရာခိုင်နှုန်း Reserve Ratio ရှိတယ်ဆိုရင် ဗဟိုဘဏ်က ၃၅ ရာခိုင်နှုန်း Reserve လုပ်တယ်။ ကျန်တဲ့ဘဏ်တွေကို ၆၅ ရာခိုင်နှုန်းက ထပ်ပြီးတော့ Money in Circulation ထဲဝင်သွားတာပါ။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် Money Multiplier က ပြောတာပါ။ အဆနဲ့တွက်ရတာပါ။ အဲဒီလို တွက်မယ်ဆိုလို့ရှိရင် ဥပမာ ၃၅ ရာခိုင်နှုန်း Reserve Ratio ထားမယ်ဆိုရင် ၁ ကို Reserve Money 35 နဲ့စား ဆိုလို့ရှိရင် သုံးဆဖြစ်ပါတယ်။ အဲဒီတော့ ဒီ Reserve Ratio ကို တိုးခြင်း၊ လျှော့ခြင်းနဲ့ Money in Circulation ကို ထိန်းနိုင်ပါတယ်။ စီးပွားရေးကိုလည်း ထိန်းနိုင်ပါတယ်။ နည်းနည်းလေးရှင်းအောင် ပြန်ပြောရမယ်ဆိုလို့ရင် ဗဟိုဘဏ်က Reserve Ratio ကို ၂၀ ရာခိုင်နှုန်း ထားမယ်ဆိုလို့ရှိရင် သူ့ရဲ့ကျန်တဲ့ ၈၀ ရာခိုင်နှုန်းသည် နောက်ဘဏ်ရောက်သွားမယ်။ နောက်ဘဏ်က သူ့ရဲ့ ၂၀ ရာခိုင်နှုန်းကိုထားမယ်။ တစ်ခါ ၆၀ ရာခိုင်နှုန်းကို တစ်ခါပြန်ချေးဆိုပြီးတော့ အားလုံး ၅ ဆ ပြန်ချေးလို့ရတယ်။ Credit Creation ၅ ကြိမ် လုပ်လို့ရပါ တယ်။ အဲဒီသဘောပြောတာပါ။ အဲဒီတော့ အတိုးနှုန်းကိုလည်း ဒီလိုလုပ်လို့ရတယ်ဆိုပြီးတော့ ကျွန်မကဒီအပိုဒ်ကို ထည့်တာဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ပိုက်ဆံချေးနိုင်တယ်ဆိုတာက တစ်နည်းအားဖြင့် ပြောမယ်ဆိုလို့ရှိရင် နှစ်တိုချေးငွေပေးတဲ့သဘောဖြစ်တဲ့အတွက်ကြောင့်မို့လို့ Lended Ability တိုးတဲ့သဘောဖြစ်လာနိုင်ပါတယ်။ အဲဒီတော့ ဒီဥပဒေအရပြန်ကြည့်မယ်ဆိုရင် ဗဟိုဘဏ်က တကယ့်တကယ်ကျတော့ Monetary Policy ချမှတ်ဖို့ဆိုတာ သူ့ရဲ့ Originate က Monetary Policy ချမှတ်ဖို့ပဲ ဖြစ်ပါတယ်။

အဲဒီတော့တစ်နည်းအားဖြင့်ပြောရရင် ပုန်ကန်တာမဟုတ်ပါဘူး။ ငွေကြေးကိစ္စစီမံခန့်ခွဲရတဲ့ ဗဟိုဘဏ်က ဒီအချိန်နဲ့အမျှ အလုပ်လုပ်နေရတာပါ။ အခုကမ္ဘာကြီးပြားနေပြီဆိုပြီး ပြောနေကြပါတယ်။ ကမ္ဘာကြီးက ပြားတဲ့အချိန်မှာ ဗဟိုဘဏ်ကလည်း အမြဲတမ်း Up to Date လှုပ်ရှားနေရမှာပါ။ အဲဒီတော့ အချိန်နဲ့ မြန်မြန်ဆန်ဆန်လုပ်နေရတဲ့အချိန်မှာ သမ္မတကြီးဆီသွား ခွင့်ပြုချက်တောင်းဆိုတဲ့ အချိန်ကုန်တွေကို ခံနိုင်မလားဆိုတာတွေကို ထည့်စဉ်းစားရမှာပါ။ အဲဒီတော့ သမ္မတကြီးဆီက ခွင့်ပြုချက်တောင်းစရာမလိုပါ။ သူကတကယ့်တကယ်ကျတော့ Policy Maker ဖြစ်ပါတယ်။ သူရဲ့ ဒီ Monetary Policy ကို သူတာဝန်ခံရခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သမ္မတကြီးဆီကနေပြီးတော့ သဘောတူညီချက်ရယူရခြင်းဖြစ်ပါတယ်။ အဲဒီတော့ အခန်း(၇) ငွေကြေးတည်ငြိမ်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ခြင်းဆိုရာမှာလည်း ငွေကြေးမူဝါဒဆိုင်ရာနည်းလမ်းများကိုဆိုတဲ့ ကိစ္စတွေထဲမှာ အဲဒီကိစ္စလည်း ပါသွားပါတယ်။ အဲဒါကြောင့် ကျွန်မက ဒီ (ဈ) ထပ်ထည့်တာပါ။ ငွေကြေးပမာဏကို လိုအပ်သလို ထိန်းချုပ်နိုင်ရန် ဗဟိုဘဏ်၏အတိုးနှုန်းကို အခါအားလျော်စွာ ပြုပြင်သတ်မှတ်ခြင်းကို တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရှေ့ကကြောင်းပြီးတော့ရှင်းသွားတာက စာမျက်နှာ ၆ အမှတ်စဉ် ၃၂ အတွက်ဖြစ်ပါသလား။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ အခု ကျွန်မရှင်းတာ အခန်း(၆)ရဲ့ စာမျက်နှာ ၆ (က) (ခ) တွေ ရည်ညွှန်းပြီးရေးထားတဲ့အခါမှာ ကျွန်မက(ဈ)ပယ်ဖျက်တဲ့နေရာမှာ အစားထိုးတာပါ။

**ဥက္ကဋ္ဌ**။ ။ တွေ့ပါတယ်။ ဒါကြောင့် ခုနကရှေ့ကနေပြီးတော့ရှင်းပြသွားတာ ဒီအပိုဒ်ကို ထည့်ချင်လို့ရှင်းပြသွားတာလား။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ပါတယ်။ ခုနက ဦးဝင်းဦးဟာလည်းပါပါတယ်။ နောက်ထပ်တစ်ခုရှင်းမယ်ဆိုရင် နည်းနည်းလေးကြာသွားမှာစိုးလို့ ဥက္ကဋ္ဌကြီးသဘောပြောပါရှင်။ ထမင်းစားပြီးမှ ဆက်ရှင်းရမလား။

**ဥက္ကဋ္ဌ**။ ။ ဒီဟာ ဥက္ကဋ္ဌအလုပ်ပါ။ ရှင်းစရာရှိရင် ရှင်းလို့ရပါတယ်။ ကျွန်တော်တို့နားထောင်နေပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ ဒါဆိုရင် နောက်တစ်ပိုဒ်ရှင်းပါ့မယ်။ နောက်တစ်ပိုဒ်က စာမျက်နှာ ၁၈ ဖြစ်ပါတယ်။ စာမျက်နှာ ၁၈ အခန်း(၅) တာဝန်ခံမှုနှင့် သတင်း

အချက်အလက်ထုတ်ပြန်မှုဆိုတဲ့ခေါင်းစဉ်အောက်က ပုဒ်မ ၃၇ ဖြစ်ပါတယ်။ ပုဒ်မ ၃၇ မှာ တစ်နည်းအားဖြင့် အခန်း(၁၂) ပုဒ်မ ၆၇ ပြောထားတာ ကျွန်မပြုပြင်ချင်လို့ပါ။ ပြင်ထားတာက ဗဟိုဘဏ်သည်ယင်း၏ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး မူဝါဒများချမှတ်ဆောင်ရွက်မှု၊ ရည်ရွယ်ချက်များကိုအကောင်အထည်ဖော်မှုနှင့် နိုင်ငံတော်၏ငွေရေးကြေးရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်ကို တစ်နှစ်လျှင်အနည်းဆုံး ၂ ကြိမ်အစီရင်ခံတင်ပြရမည်ဆိုတဲ့နေရာမှာ အဲ့ဒီအဆိုပါအစီရင်ခံစာကို ဝန်ကြီးဌာနသို့လည်းပေးပို့ရမည်လို့ ကျွန်မကပြင်ထားပါတယ်။ တကယ့်တကယ်ကျတော့ ဒီဗဟိုဘဏ်ရဲ့လုပ်ငန်းက ခုန ဦးဝင်းဦးပြောသွားတာ အဲ့ဒါလည်းပါသွားပါတယ်။ သူကငွေကြေးပေါ်လစီချမှတ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ငွေကြေးရဲ့မူဝါဒတွေ၊ သဘောထားတွေကို သူကသီးသန့်ဆောင်ရွက်တဲ့ သူ Convince ဖြစ်ရမယ့်ဆောင်ရွက်ချက်ဖြစ်ပါတယ်။ အဲ့တော့ တကယ့်တကယ်ကျတော့ ဗဟိုဘဏ်မှာ ရှေးယခင်က ကျွန်မတို့ဆရာတွေရှိခဲ့ပါတယ်။ သူက Research and Training Department ကနေပြီးတော့ အချိန်နှင့်တပြေးညီ Facts တွေ၊ Figures တွေကို အမြဲတမ်းတင်ပြနေတာပါ။ အဲ့ဒီ Research ဌာနကနေပြီးတော့ပေးတဲ့ Facts တွေ၊ Figures တွေနဲ့ သူက အချိန်နှင့်တပြေးညီအမြဲအလုပ်လုပ်ရတာ သူရဲ့အဓိကတာဝန်ဖြစ်ပါတယ်။ အဲ့တော့ ခုနက ဦးဝင်းဦးပြောလို့ ကျွန်မထပ်ပြောရမယ်ဆိုရင် ဗဟိုဘဏ်မှာက Monetary Policy Board ရှိရမယ်။ နောက်တစ်ခုက Executive Board of Director ရှိရပါမယ်။ ကျွန်မသဘောသာဆိုရင်တော့ အဲ့ဒီ Advisory Board ပေါ့။ အဲ့ဒီအထဲမှာ ရနိုင်လျှင် Prof-stiglitz လောက်မတော်သော်လည်းပဲ သူတို့နီးပါးတော်တဲ့ နိုင်ငံခြားသားငှားရင် ပိုက်ဆံရှိလျှင်ငှားပြီးလုပ်ကိုင်လို့အဆင်ပြေမယ်ထင်ပါတယ်။ အဲ့တော့ ခုနက Monetary Policy ကိုပြန်ပြောရမယ်ဆိုရင် အစိုးရကဝင်ရောက်စွက်ဖက်ခွင့်မရှိဘူး။ သူက Legal Indentity ဖြစ်ပါတယ်။ Fiscal Policy နဲ့ညှိနှိုင်း လို့တော့ရတယ်။ ဘတ်ဂျက်လိုငွေ၊ ဘတ်ဂျက် ပိုငွေတွေရှိတယ်ဆိုရင် ဒီဘက်က Monetary Policy နဲ့ညှိနှိုင်းလို့ရပါတယ်။ အဲ့တော့ အဲ့ဒီသဘောနဲ့ အစိုးရသို့ ဦးစွာတင်ပြ၍ဆိုတာသဘောမတူပါဘူး။ အစိုးရအဖွဲ့နဲ့က တကယ့်တကယ်ညှိနှိုင်းတာ။ ပြည်ထောင်စုလွှတ်တော်သို့ တစ်နှစ်လျှင်အနည်းဆုံး ၂ ကြိမ်ဆိုတော့ လွှတ်တော်နဲ့လည်း သူထိတွေ့ရမယ်။ မေးခွန်းတွေ၊ အဖြေတွေလည်းသူဖြေဆိုနိုင်အောင် ရည်ရွယ်ပြီးတော့ ပြင်တာပါ။ နောက်တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် Check and Balance Policy ရရှိရမှာပါ။ ခုနက ဦးဝင်းဦးကပြောလို့ ကျွန်မက အခုနည်းနည်းလေးရှည်ပြောတာပါ။ အရင်တုန်းက ၁၉၉၀ ပြည့်နှစ်မှာ ထုတ်ပြန်ခဲ့တဲ့ ဗဟိုဘဏ်ဥပဒေအဟောင်းမှာ

အခန်း(၇)တုန်းက အစိုးရနဲ့ဆက်ဆံရေးအပိုင်း ပုဒ်မ ၄၉ (ဂ)ဆိုပြီးတော့ဖော်ပြထားတာ နည်းနည်းလေး ဖတ်ပြပါ့မယ်။ မည်သည့်နှစ်တွင်မဆိုထုတ်ချေးထား သောချေးငွေစုစုပေါင်းသည် အစိုးရရဲ့ယမန်နှစ် အတွင်း ရငွေများ၏ ၂၀ ရာခိုင်နှုန်းထက်မကျော်လွန် စေရဆိုပြီးတော့ပါရှိတယ်။ သူက Amount အတိအကျပါပါတယ်။ ခုနကပြောတဲ့ Money in Circulation ၅ ကြိမ်ဖြစ်တာကိုဆိုလိုတာပါ။ အဲ့တော့ သူများတိုင်းပြည်မှာဆိုရင် Reserve Ratio က ၁၀ ရာခိုင်နှုန်း၊ အလွန်ဆုံး ၁၈ ရာခိုင်နှုန်းလောက်ရှိ ပါတယ်။ အဲ့ဒီတုန်းကလည်း ၂၀ ရာခိုင်နှုန်းထက်မကျော်လွန်စေရလို့ ဘဏ္ဍာရေးမူဝါဒနဲ့ အစိုးရရဲ့ အသုံးစရိတ်တွေကို ဗဟိုဘဏ်ကနေပြီးတော့ ချေးငွေနဲ့ကန့်သတ်ချက်တွေလုပ်ထားပါတယ်။ အဲ့တော့ အဲ့ဒီအချိန်တုန်းက စီပွားရေးပေါ်လစီမှာ ဗဟိုဘဏ်ကထိန်းကျောင်းတဲ့အာဏာကို ပေးထားတဲ့အတွက် ကြောင့် မို့လို့ အဲ့ဒီအချိန်က Fiscal Policy နှင့် Monetary Policy တို့ကြားမှာ Check and Balance ရှိနေပါတယ်။ အဲ့တော့ အခုအတိုင်းပြောရမယ်ဆိုရင် ကျွန်မလည်း ဦးဝင်းဦးလိုပဲ ပြောရမယ် ဆိုရင် အခုတော့ ဗဟိုဘဏ်က သီးခြားရပ်တည်တဲ့အဖွဲ့အစည်းလို့သာပြောတယ်။ အစိုးရဝန်ကြီးဌာန တွေနဲ့ ဖွဲ့စည်းတည်ဆောက်ပုံခြင်းက ကွဲပြားတယ်။ ဝန်ကြီးဌာနတွေကိုသွားပြီးတော့ Report လုပ်စရာ မလိုပါဘူး။ သူချမှတ်ထားတဲ့ Monetary Policy ကိုညှိနှိုင်းဖို့ဖြစ်ပါတယ်။ ညှိနှိုင်းတာက ခုနက Check and Balance Policy တစ်နည်းအားဖြင့် Fiscal Policy နဲ့ညှိနှိုင်းတာဖြစ်ပါတယ်။ အဲ့တော့ သမ္မတလက်အောက်မှာရှိတဲ့ ဝန်ကြီးဌာနက အခု ခဏခဏကျွန်မပြောပါတယ်။ Presidential System ဖြစ်ပါတယ်။ Cabinet လည်းမရှိပါဘူး။ တကယ့်တကယ်ကျတော့ ဝန်ကြီးများသည် သမ္မတကြီးရဲ့လက်အောက်က Sector တွေ တစ်ခုစီတစ်ခုစီရဲ့ Sector ဌာနမှူးတွေဖြစ်ပါတယ်။ အဲ့တော့ အစိုးရရဲ့လက်အောက်ဖြစ်ပြီးတော့ ဘဏ်တွေရဲ့ဘဏ်အဖြစ် ဗဟိုဘဏ်ကနေပြီးတော့ ကြီးကြပ်ဆောင်ရွက်ခြင်းဆိုတာက Exchange Ratio Regulation ကို တာဝန်ရှိတဲ့အတွက် ဒီအရေးကြီးတဲ့ အစိုးရရဲ့ရန်ပုံငွေနှင့် အသုံးစရိတ်ကိုလည်း တာဝန်ရှိပါတယ်။ အထူးအားဖြင့် ကျွန်မတို့တိုင်းပြည်မှာ CHRONIC Deficit နာတာရှည်လိုငွေပြ ဖြစ်နေတာကြာပါပြီ။ အဲ့တော့ ဒီကိစ္စတွေမှာလည်း တကယ့်တကယ်ကျတော့ ဗဟိုဘဏ်ကတော့ တာဝန်ရှိပါတယ်။ ဒါပေမယ့် ငွေစက္ကူရိုက်ထုတ်ဖို့တို့၊ ငွေကြေးပေါ်လစီချမှတ်ဖို့တို့ ခုနက အတိုးနှုန်းတွေ Reserve Ratio တွေကို ကျတော့ ဗဟိုဘဏ်ဥက္ကဋ္ဌက သူ့ဟာသူ ပေါ်လစီချမှတ်ရမယ်။ သူ့ရဲ့ပေါ်လစီသူ တာဝန်ယူပြီးတော့မှ အစိုးရနဲ့ညှိနှိုင်းရန်ဖြစ်ပါတယ်။ ပြီးတော့မှလွှတ်တော်ကို တင်ပြအတည်ပြုချက်ယူ ဒါမှလွှတ်တော်ရဲ့ အမေးတွေ၊ အဖြေတွေကိုလာဖြေရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်မအနေနဲ့က အစိုးရသို့ဦးစွာ

တင်ပြ၍ဆိုတာကို သဘောမတူပါဘူး။ နိုင်ငံတော်၏ ငွေရေးကြေးရေးအခြေအနေတို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တစ်နှစ်လျှင်အနည်းဆုံး ၂ ကြိမ် အစီရင်ခံတင်ပြရမည် လို့ပြင်လိုက်တာပါ။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီဗဟိုဘဏ်ဥပဒေဟာ အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့ ဥပဒေတစ်ရပ်ကို အပင်ပန်းခံ လေ့လာဆွေးနွေးပေးနေတာ သိတဲ့အတွက်လည်း လက်ခံနားထောင်နေ တာဖြစ်ပါတယ်။ ဒီအချိန်ပေးလိုက်လို့ ကျွန်တော်တို့ ဘာမှမဆုံးရှုံးသွားပါဘူး။ ပေးလိုက်တဲ့အချိန်ပေါ် မှာ များစွာသော အကျိုးများရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိက၊ လွှတ်တော်ရဲ့ အဓိက ရည်ရွယ်ချက်က ပြည်သူနှင့်နိုင်ငံသားများအကျိုးစီးပွားအတွက် ရည်ရွယ်ပါတယ်။ ပြောမယ်ဆိုရင် လူပုဂ္ဂိုလ်တစ်ယောက်အတွက် မရည်ရွယ်ပါဘူး။ အဖွဲ့အစည်းတစ်ခုအတွက်လည်း မရည်ရွယ်ပါဘူး။ ကျွန်တော်ပြောနေကျ စကားအတိုင်းပြောရမယ်ဆိုရင်တော့ အစိုးရအဖွဲ့အတွက်လည်း မရည်ရွယ်ပါ ဘူး။ ဒါကြောင့်မို့လို့ ဒေါ်တင်နွယ်ဦးအား ဒီလိုတင်ပြတဲ့နေရာမှာ ရှည်သွားပြီ၊ ရှည်သွားပြီ။ ဒါတင်ပြ စရာ ရှိရင်တင်ပြပါ။ ကျွန်တော်တို့ လက်ခံပါတယ်။ ဒါညှိနှိုင်းဆွေးနွေးနေတာပါ။ ညှိနှိုင်းဆွေးနွေးရာ ကနေပြီးတော့ ဖြစ်ပေါ်လာတဲ့မူဝါဒ မူဝါဒကနေပြီးတော့ ဥပဒေဖြစ်မှာပါ။ ဥပဒေတစ်ခုဖြစ်ပြီးဆိုရင် ဒီဥပဒေ ကိုအားလုံးလိုက်နာကြရပါတယ်။ အားလုံးလိုက်နာရမယ့်ဥပဒေဟာ အားလုံးမလိုက်နာနိုင်ဘူး ဆိုတဲ့ အနေအထားမျိုးဖြစ်ရင် ဒီဥပဒေဟာ မကောင်းပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေကောင်းဖြစ်ဖို့ အတွက် အခုလို မည်သူမဆို စေတနာထားလေ့လာပြီး တင်ပြနေခြင်းကို ကျွန်တော် လက်ခံပါတယ်။ ထမင်းစားချိန်နဲ့တိုင်းထွာလို့မရပါဘူး။ အဲဒီအတိုင်းပဲ လွှတ်တော်မှာ လုပ်ငန်းဆောင်တာများ စနစ်တကျဖြစ်ဖို့နဲ့ ကျွန်တော်တို့ဆောင်ရွက်လိုက်တဲ့ကိစ္စတွေက နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး စီးပွားဖြစ်မယ်ဆိုရင် အချိန်ပေးရင်ပေးရပါစေ။ ပင်ပန်းရင် ပင်ပန်းပါစေ။ ဒီလိုစေတနာနဲ့ ကျွန်တော် တို့လုပ်ရမယ့် အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်တင်နွယ်ဦး တင်ပြသွားတာကတော့ အများကြီးပဲ။ ကျွန်တော်တို့လည်း တချို့က မှတ်မိလိုက်တယ်။ တချို့က ကြားလိုက်တယ်။ ဒါကြောင့်မို့လို့ အဓိကကတော့ စာမျက်နှာ ၆ အမှတ်စဉ် ၃၂ ဒေါ်တင်နွယ်ဦးတင်ပြတဲ့ ငွေကြေးပမာဏ ကို လိုအပ်သလို ထိန်းချုပ်နိုင်ရန် ဗဟိုဘဏ်ရဲ့ အတိုးနှုန်းကို အခါအားလျော်စွာ ပြုပြင်သတ်မှတ်ခြင်း ဆိုတာနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစား ရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦး ကျွန်တော့်ကို ဆရာလို့ခေါ်သွားပါတယ်။ ဥပဒေသင်တဲ့အခါမှာသာ ကျွန်တော့်တပည့်ဖြစ်တာပါ။ ကျန်တဲ့နေရာမှာ ကျွန်တော်ထက် အဆပေါင်းများစွာတော်ပါတယ်။ ဒေါ်တင်နွယ်ဦး ထောက်ပြသွားတဲ့ အတိုးနှုန်းကိစ္စဟာလည်းပဲ ဗဟိုဘဏ်တစ်ခု အဓိကထားပြီး လုပ်ဆောင်ရမယ့်ကိစ္စဖြစ်တဲ့အတွက် ဒေါ်တင်နွယ်ဦးရဲ့ အဆိုပြုချက်ကို ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ သဘောတူကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဒေါ်တင်နွယ်ဦးရဲ့အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၈ အမှတ်စဉ် ၁၀၉ ဒေါ်တင်နွယ်ဦးရဲ့ အဆိုနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ် ၁၀၉ နှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေနဲ့ သဘောတူကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဒေါ်တင်နွယ်ဦးရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တင်သွင်းသော မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင် အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကြမ်းတစ်ရပ် လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တင်သွင်းထားသော မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကြမ်း

တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ ကြားသိသွားတဲ့အတိုင်း မူလဥပဒေမှာ ၁၈၅ ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၁၇၄ ချက်ပြင်ဆင်သွားပါတယ်။ ထိုနည်းတူ စွာပဲ ဝမ်းတွင်းမဲဆန္ဒနယ်က ဦးသန်းမြင့်၊ နမ့်ခမ်းမဲဆန္ဒနယ်က ဒေါက်တာစိုင်းကျော်အုန်း၊ ဒဂုံ မြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က ဒေါ်တင်နွယ်ဦးတို့ဟာ အခြားလွှတ်တော်ကိုယ်စားလှယ်များနှင့် အတူ စေတနာထားဆောင်ရွက်ပေးတဲ့အတွက်လည်း ဒါ ကျွန်တော်တို့လွှတ်တော်မှာ မှတ်တမ်းအဖြစ် ကျန်နေမှာဖြစ်ပါတယ်။ အပိုဒ်ပေါင်း ၁၈၅ ခုကနေပြီးတော့ ၁၇၄ ခုအထိ ဒီလိုပြင်ဆင်နိုင်ဖို့ ဆွေးနွေး တဲ့အချိန် လုပ်ရတဲ့အား မနားပါဘူး။ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုလို့ရှိရင် ဒီဗဟိုဘဏ်ဥပဒေက အင်မတန်မှ အရေးကြီးလိုပါ။ ဒီနေ့ မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာရော နိုင်ငံသားအများစု အတိုင်းအတာမှာ ဒီဗဟိုဘဏ် Monetary Policy ဆက်စပ် ပြီးတော့ ဖြစ်ပေါ်နေတာများပါတယ်။ ဒီလိုများနေတဲ့အချိန်မှာ ဗဟိုဘဏ်ဥပဒေကို အခုလို အလေးထား ပြီး ဝိုင်းဝန်းဆွေးနွေးအကြံပြု ပြင်ဆင်ပေးတဲ့အတွက်လည်း ဒါမှတ်တမ်းအဖြစ် ထာဝရထားရှိရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ အဲဒီမှာမှ ဒီနေ့တော့ ပြင်ဆင်အဆိုပြုချက်တွေပြီးပြီ။ သို့ရာတွင် အကယ်လို့ များ ကျွန်တော်တို့ အတည်ပြုလိုက်တဲ့ ဥပဒေဟာ လိုအပ်ချက်များရှိနေသေးတယ်ဆိုလို့ရှိရင်လည်း လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြပြီးတော့ လိုမယ်ဆိုလို့ရှိရင် ဒီဥပဒေကို ပြန်လည်ပြင်ဆင် အဆိုပြုနိုင်ဖို့အတွက်လည်း တစ်ပါတည်း စဉ်းစားထားရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲ ဥပဒေတစ်ခု ဟာ တစ်ခါတည်းပြင်လိုက်လို့ တစ်ခါတည်းပြဋ္ဌာန်းလိုက်လို့ အားလုံးအတည်ဖြစ်ရပြီလို့ သဘောထား မယ်ဆိုရင် လိုအပ်ချက်တွေအများကြီးရှိနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော် ထပ်ပြီးတော့ တင်ပြချင်တာ က တစ်ခုကျန်ပါတယ်။ ဒါလေး မပေးခင် ခုနက တစ်ခုကျန်ပါတယ်။ ဒါဘာလဲဆိုတော့ Drop လုပ်ထား တဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ဘယ်လိုများရေးပြီးထားပါသလဲ။ ဒါကို လွှတ်တော်ကို တင်ပြပေးပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီး ဦးဝင်းဦးတင်ပြတဲ့ ကိစ္စနှင့်ပတ်သက်ပြီးတော့ ခုနက ဆွေးနွေးဖို့ Drop လုပ်ထားတဲ့ ကိစ္စတစ်ခုပါ။ အဲဒါကတော့ အမှတ်စဉ် ၁၄၃ ပုဒ်မ ၈၄ ပုဒ်မခွဲ(ဂ)နှင့် ပတ်သက်တဲ့ကိစ္စဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ ဦးဝင်းဦးတင်ပြသွားတာကတော့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတွေ မရှိတဲ့အခါမှာ ကျန်တဲ့အဖွဲ့ဝင်တွေထဲက တစ်ယောက်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ဖို့ ဆိုပြီးတော့ ရေးထားတဲ့ဟာကို စဉ်းစားသင့်ပါတယ်ဆိုပြီးတော့ တင်ပြသွားပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်က ပြန်ဖြေရှင်းတာကတော့ အရေးကြီးတဲ့ကိစ္စ၊ သာမန်လုပ်ထုံးလုပ်နည်းကိစ္စ ခွဲပြီးတော့ နိုင်ငံတကာ မှာလုပ်ပါတယ်လို့ တင်ပြခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ဒါကို ထပ်ပြီးတော့ Procedure Mental လို့ Assessment Mental ဆိုထပ်ပြီးတော့ ရေးမယ်ဆိုရင် ပိုမိုရှုပ်ထွေးသွားစရာအကြောင်း ရှိပါတယ်။ အချိန်လည်းပိုကုန်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ပြင်ဆင်ချက် အပိုဒ်ခွဲ(ဂ)မှာ တချို့စာသားတွေကို ချန်လိုက်ရင် ဒါတွေအားလုံးလုံလောက်သွားမယ်လို့ ထင်ပါတယ်ခင်ဗျား။ ကျွန်တော်ဖတ်ပြပါမယ်။ နဂိုစာသား အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း၊ ဥက္ကဋ္ဌမရှိသည့်အခါ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ဒါရိုက်တာအဖွဲ့ဝင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတစ်ဦးဦးကလည်းကောင်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ မရှိသည့် ဒါရိုက်တာအဖွဲ့ဝင်များ တင်မြှောက်သည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ဆောင်ရွက်ရမည်ဆိုတဲ့ စာသား မှာ ကျွန်တော်တို့ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ဥက္ကဋ္ဌတစ်ဦးဦးက လည်းကောင်း အထိ ထားပြီးတော့မှ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ မရှိသည့်အခါ ဒါရိုက်တာအဖွဲ့ဝင်များက တင်မြှောက်သည့် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ၎င်းဆိုတာကို ဖြုတ်လိုက်လို့ရှိရင်တော့ ဒါလုံလောက် သွားမယ်လို့ထင်ပါတယ်။ အဲဒါဆိုရင် Procedure Mental တို့ Assessment Mental နဲ့ထပ်ပြီးတော့ နည်းဥပဒေတွေ၊ ဘာတွေမှာ ထပ်ပြင်တဲ့ဒုက္ခတို့ ထပ်ပြီးတော့ အချိန်ကြာသွားမယ် ကိစ္စတွေလည်း ပြတ်သွားမှာပါ။ အရေးကြီးတဲ့ကိစ္စမှာတော့ ဥက္ကဋ္ဌတို့၊ ဒုတိယ ဥက္ကဋ္ဌတို့ မရှိဘဲနဲ့ ဆုံးဖြတ်လို့ မရဘူးဆိုတာလည်း အလိုလိုပေါ်သွားမှာဖြစ်တဲ့အတွက် အဲဒါ လေးကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြန်ပြီးတော့ အဆိုပြုတင်ပြတဲ့ ဖျက်တာမဟုတ်ဘဲနဲ့ အသစ်ဖတ်ပြပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း၊ ဥက္ကဋ္ဌမရှိသည့်အခါ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ဒါရိုက်တာအဖွဲ့ဝင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတစ်ဦးဦးကလည်းကောင်း၊ ဆောင်ရွက်ရမည်ဆိုတာ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြန်ဖတ်ပါ။

**ဒေါက်တာမောင်မောင်သိမ်း(ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ အစည်းအဝေးတွင် သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း၊ ဥက္ကဋ္ဌမရှိသည့်အခါ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ဒါရိုက်တာအဖွဲ့ဝင် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတစ်ဦးဦးကလည်းကောင်း၊ ဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ။** ။ ရပါပြီ။ ဦးဝင်းဦး သဘောထားပြောပါ။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စတင်တင်ပြစဉ်ကလည်း အဲဒီအချက်ကလေးပြင်ပေးပါလို့ ကျွန်တော်တင်တာပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ ဥပဒေကြမ်းကော်မတီက ပြောဆိုလိုက်တဲ့ ကျွန်တော်အနေနဲ့ ဒီဟာတွေဆွေးနွေးတဲ့ ကာလတုန်းကတော့ မပါဝင်ခဲ့ဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်မှာဝင်ပြောတဲ့အခါ ဒါနောင် အစဉ်အလာဖြစ်သွားမယ်ဆိုတဲ့ဟာလေး ဒါကိုလည်း ကျွန်တော်လက်ခံပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် စတင်ပြောခဲ့စဉ်ကတည်းက ကျွန်တော်မှာ ပြောခွင့်မရှိပေမယ့် ဥပဒေရေးမှာတော့ မှန်ကန်စေချင်တဲ့ စေတနာနဲ့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်ဆိုတာ တင်ပြခဲ့ပါတယ်။ နောက်တစ်ချက်ကလည်း ဥက္ကဋ္ဌကြီးက မေးပါတယ်။ လွှတ်တော်က သဘောတူပါသလား။ သဘောတူပါတယ်ဆိုရင် ပြီးသွားပြီ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလားလို့မေးပါတယ်။ ကန့်ကွက်ရန်ရှိတဲ့အတွက် ကျွန်တော်ထပြောခြင်းကလည်း ဒါတရားဝင်တယ်လို့ ဒါဥပဒေအရ ဖြစ်တယ်လို့ ဒါကျွန်တော် ယုံကြည်ပါတယ်။ အဲဒီလို လုပ်ခွင့်မရှိဘူးဆိုရင် ကျွန်တော်တို့ လွှတ်တော် ဥပဒေကြီးမှာ ပြင်ဆင်ပေးပါ။ အဲဒီတော့ အခု ဝန်ကြီးကနေတင်ပြသွားတဲ့အချက်ဟာ အဲဒီလိုပြင်ဆင် လိုက်ရင်ဖြင့် တစ်ခြားဟာတွေ ဘာမှထပ်ပြင်ဆင်စရာမလိုဘဲနဲ့ ဒီဥပဒေရဲ့ အရေးကြီးတဲ့ကဏ္ဍအပိုင်းလေးဟာ ပြည့်စုံသွားမှာ ဖြစ်တဲ့အတွက် ကျွန်တော်သဘောတူပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ကျွန်တော်တို့ကတော့ အမှန်တရားကောင်းတဲ့ဘက်ကိုပဲ လိုလားပါတယ်။ ဒါကြောင့် ဥပဒေ၊ နည်းဥပဒေတွေမှာ မည်သို့ပင်ရှိစေကာမူ နိုင်ငံတော်နှင့် နိုင်ငံသား အကျိုးစီးပွားအတွက် ဖြစ်ထွန်းမယ်ဆိုရင် လွှတ်တော်က အဲဒီဥပဒေကိုတောင် ပြင်နိုင်ခွင့်ရှိတဲ့ အခွင့်အရေးရှိတဲ့အတွက် အခု မည်သို့ပင်ဆိုစေကာမူ ဥပဒေကောင်းတစ်ရပ်ဖြစ်ဖို့အတွက် အခုလို တင်ပြဆွေးနွေးတာမျိုးကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကြိုဆိုပါတယ်။ ဒါကြောင့် အခု ပြည်ထောင်စုအစိုးရရဲ့ ကိုယ်စားလှယ်က ထပ်မံပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်

ရန်မရှိတဲ့အတွက် ပြည်ထောင်စုအစိုးရကိုယ်စားလှယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အခု အမှတ်စဉ် ၁၄၃ ကို ပြင်ဆင်ပေးမှုပါ။ ပြီးခဲ့တဲ့အပိုင်းက လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များကို မေးမြန်းတဲ့အခါ အကျုံးဝင်လို့ မှတ်ယူရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်တဲ့ အစည်းအဝေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် မရှိတော့ပါဘူး။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၇) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၈) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကို ထပ်မံတင်ပြပါမယ်။ လွှတ်တော်အစည်းအဝေးများ စနစ်တကျဖြစ်ပေါ်ဖို့ကိစ္စ လွှတ်တော်ကပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများ၊ နိုင်ငံသားနှင့် နိုင်ငံသား အကျိုးစီးပွားဖြစ်ဖို့ကိစ္စ အဓိကလွှတ်တော်ဥက္ကဋ္ဌမှာ တာဝန်ရှိတဲ့အတွက် စနစ်တကျရှိရေးနှင့် သေဝပ်ရေးကိစ္စကိုလည်း ဥက္ကဋ္ဌ တာဝန်ယူလျက်ရှိကြောင်း အသိပေးပြောကြားလိုပါတယ်။

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၁၃း၁၀ နာရီအချိန်တွင်ရပ်နားပါသည်။]